# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ခဲ၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာကြီးစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လက်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနားကျင်းပ

## ရတနာဆင်ဖြူတော် "ရဋ္ဌ နန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)သည် ဒသမမြောက် ဆင်ဖြူတော်ဖြစ်



နေပြည်တော် အောက်တိုဘာ ၂၀

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော်အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

## ယနေ့ ဖတ်စရာ


**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၂၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း | စာ - ၂

**ဆင်ဖြူရတနာဆိုက်ရောက်လာ ဘေးရန်ကင်းရှင်းသာယာခြင်းနှင့် ကောင်းခြင်းစုံစွာ ပြည့်မြန်မာ**
ဆောင်းပါး | စာ - ၆၊ ၇

**ထိန်းသိမ်းသင့်သော မြေအောက်ရေ**
ဆောင်းပါး | စာ - ၁၆

**မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးမှုများ**
ဆောင်းပါး | စာ - ၂၂

## အဖျက်သဘောဆောင်သည့် အစီရင်ခံစာများနှင့် အမှန်တရားပျောက်ကွယ်နေသည့် ဆွေးနွေးမှုများ

(၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုကော်မတီ) က မြန်မာနိုင်ငံအရေးနှင့် စပ်လျဉ်း၍ အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ ဆွေးနွေးရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာများအပေါ်တွင် အပြန်အလှန်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ မြန်မာ့အရေးဟူ၍ ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုသည့် တရားဝင်ကိုယ်စားလှယ်များမပါသည့်အပြင် ၎င်းတို့ဆွေးနွေးခဲ့ကြသည့် အစီရင်ခံစာဆိုသည်များမှာလည်း မမှန်ကန်သည့် သတင်းအချက်အလက်များနှင့် ချဲ့ကားထားသည့် အချက်အလက်များသာဖြစ်ရာ ဆွေးနွေးပွဲတွင် အမှန်တရားသည် ပုံပျက်ပန်းပျက်ဖြစ်နေသလို ပျောက်ကွယ်နေသည်ဟုလည်း ဆိုရမည်ဖြစ်သည်။

စင်စစ်မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ကိစ္စများကို မြန်မာနိုင်ငံပြင်ပမှနေ၍ အမှန်အတိုင်း သိရှိနားလည်နိုင်ရန် ခဲယဉ်းသည်။ နိုင်ငံပိုင်မီဒီယာများနှင့် ပြည်တွင်း၌ တရားဝင်ဖြန့်ချိထုတ်လွှင့်လျက်ရှိသည့် မီဒီယာများတွင် တရားဝင်သတင်းအချက်အလက်များနှင့် မှန်ကန်မျှတသည့် သတင်းအချက်အလက်များကို ရရှိနိုင်သော်လည်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ပုဂ္ဂိုလ်အဆက်ဆက်တို့က လျစ်လျူရှုခဲ့ကြသည်။ ၎င်းပုဂ္ဂိုလ်တို့က မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ(အကြမ်းဖက်သမားများအပါအဝင်)၏ အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် နှုတ်ပြောစကားများကိုသာ သတင်းအချက်အလက်များအဖြစ်ရယူခြင်းဖြင့် ၎င်းတို့ရေးသားသည့် အစီရင်ခံစားများမှာလည်း မှားယွင်းနေခဲ့သည်။ ယင်းအမှားအယွင်းတို့မှာလည်း ရိုးသားစွာမှားယွင်းမှုမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာအစိုးရတို့ကို ၎င်းတို့ တင်ကြိုသတ်မှတ်ထားသည့် ပုံစံတစ်ခုအတွင်းသို့ သွတ်သွင်းခြင်းဖြစ်ရာ လူတစ်ယောက်ကို တရားခံအဖြစ် ကြိုတင်စွပ်စွဲထားပြီး နောက်မှ မမှန်မကန်သက်သေများရှာဖွေအထောက်အထားပြသကဲ့သို့ပင် ဖြစ်သည်။

တစ်ဖက်တွင်မူ ကျိုက်ထီးရိုးဘုရား တောင်တက်ကားဂိတ်တွင် ဘုရားဖူးပြည်သူများကို ပစ်ခတ်သတ်ဖြတ်မှုဖြစ်စဉ်နှင့် ကော့ကရိတ်မြို့ လူနေရပ်ကွက်များသို့ ဝင်ရောက်ပစ်ခတ်သည့် ဖြစ်စဉ်မျိုးကဲ့သို့သော ထင်ထင်ရှားရှားဖြစ်စဉ်မျိုးတို့ကို နှုတ်ဆိတ်နေခြင်းအားဖြင့် ဝိုင်းဝန်းဖုံးကွယ်ပေးခဲ့ကြသည့်အပြင် အကြမ်းဖက်သမားတို့ကြောင့် အပြစ်မဲ့အရပ်သားများ၊ ဝန်ထမ်းများ၊ ရဟန်းသံဃာသီလရှင်များ ထောင်နှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်တို့အပေါ်တွင်လည်း အစီရင်ခံစာတင်သွင်းသူတို့က လျစ်လျူရှုခဲ့ကြသလို အပြန်အလှန်ဆွေးနွေးမှုများတွင် ချန်လှပ်ထားခဲ့ခြင်းအားဖြင့်လည်း မြန်မာနိုင်ငံအတွင်းမှ အကြမ်းဖက်လုပ်ငန်းများကို သွယ်ဝိုက်၍ ထောက်ခံခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လူသားတို့အား ရောဂါကပ်ဘေးတို့မှ ကယ်တင်ရေး၊ လူ့အခွင့်အရေး စသည့်အခြေခံရည်ရွယ်ချက်များဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများ တန်းတူရည်တူ ပါဝင်ဖွဲ့စည်းခဲ့သည့် ကုလသမဂ္ဂသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ဆေး ကူညီထောက်ပံ့မှုတွင် မြန်မာနိုင်ငံကို ချန်ထားခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် မိမိဘာသာ ရုန်းကန်ခဲ့ရသလို မိတ်ဆွေနိုင်ငံအချို့၏ ကူညီထောက်ပံ့မှုဖြင့် နိုင်ငံသူနိုင်ငံသား တစ်ယောက်မကျန် ကာကွယ်ဆေးထိုးနှံရေးဆောင်ရွက်ခဲ့ရသည်။ ယခုမြန်မာနိုင်ငံအရေးတွင်လည်း အကြမ်းဖက်သမားများကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုတို့အပေါ် ကုလသမဂ္ဂက လျစ်လျူရှုနှုတ်ဆိတ်ကာ အခြေအမြစ်မရှိ မမှန်မကန် အစီရင်ခံစာများ၊ ချဲ့ကားထားသည့်အချက်အလက်များကို အခြေခံ၍ ဆွေးနွေးမှုများသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့အတွက် အဖျက်သဘောကိုသာဆောင်သည့်အလျောက် ပြင်းထန်စွာ၊ ပြတ်သားစွာ ကန့်ကွက်ရှုတ်ချ ပယ်ချအပ်သည်သာ ဖြစ်ပါကြောင်း။ ။

## ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ / လစာဝင်ငွေများလွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန် တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ) အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့် နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

❍ *ကျောဖုံးမှ*

၎င်းတို့၏ အစီရင်ခံစာများနှင့် ရှင်းလင်းတင်ပြချက်များသည် အကြမ်းဖက်အဖွဲ့များ၊ ယင်းအကြမ်းဖက်အဖွဲ့များအား အထောက်အကူပြုနေသည့် လူမှုအဖွဲ့အစည်းအမည်ခံများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် နှုတ်ပြောစကားများအပေါ် အခြေခံထားသည်။ စင်စစ်အားဖြင့် ဖော်ပြပါအဖွဲ့များသည် ပြည်ပအဖွဲ့အစည်းအချို့ထံမှ တရားမဝင်အကူအညီများ ရရှိနေကြောင်းလည်း တွေ့ရှိရသည်။ ကုလသမဂ္ဂမှ မြန်မာနိုင်ငံအရေးကျွမ်းကျင်သူများဟု ဆိုသူများက ကချင်ပြည်နယ်၊ အနန့်ပါ၌ ၂၃-၁၀-၂၀၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို တစ်ဖက်သတ် မမှန်မကန် ဖန်တီးလုပ်ကြံထားသော သတင်းများနှင့် စွပ်စွဲချက်များကို အခြေခံ၍ မီးမောင်းထိုး ပုံကြီးချဲ့ပြောကြားခဲ့သည်။ သို့ရာတွင် ၁၂-၁၀-၂၀၂၂ ရက်တွင် KNLA တပ်မဟာ (၁) နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုးစေတီ၌ ဘုရားဖူးသူများကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် သေကျေစေခဲ့မှုနှင့် ၂၁-၁၀-၂၀၂၂ ရက်တွင် KNU/ KNLA တပ်မဟာ (၆) လက်အောက်ခံတပ်ရင်းများ၊ KKO ခွဲထွက်အဖွဲ့နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့ရှိ လူနေရပ်ကွက်များသို့ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိုဒေသရှိ အပြစ်မဲ့ပြည်သူများထိခိုက်သေဆုံးခဲ့မှုတို့ကိုမူ နှုတ်ဆိတ်နေခဲ့ကြသည်။ ထို့အပြင် အပြစ်မဲ့ပြည်သူ ၄၀၇၃ ဦးကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက် NUG နှင့် PDF တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် မျက်ကွယ်ပြု လျစ်လျူရှုခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂအမည်ခံ အထူးကိုယ်စားလှယ်နှင့် အထူးအစီရင်ခံစာ တင်သွင်းသူများ၏ ဆောင်ရွက်ချက်များသည် ဓမ္မဓိဋ္ဌာန်ကျမှုမရှိဘဲ ဘက်လိုက်မှုရှိကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ မှန်ကန်မှုမရှိသည့် သတင်းအချက်အလက်များနှင့် ချဲ့ကားထားသည့်အချက်များကို အခြေခံ၍ နိုင်ငံတကာ၏ အာရုံစိုက်မှုရရှိရန် ရည်ရွယ်လျက် ၂၅-၁၀-၂၀၂၂ ရက်နှင့် ၂၆-၁၀-၂၀၂၂ ရက်တို့တွင် တတိယကော်မတီအစည်းအဝေးများ၌ ပြုလုပ်ခဲ့သည့် အပြန်အလှန်ဆွေးနွေးမှုများသည် ကုလသမဂ္ဂအနေဖြင့် ဘက်မလိုက်သော၊ ပညာရှင်ဆန်သော ယင်း၏ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ကိုယ်တိုင်ပြန်လည်ဖျက်ဆီးနေသည့် ဂုဏ်သရေညှိုးနွမ်းစေသော လုပ်ရပ်များသာဖြစ်သည်။

ကုလသမဂ္ဂတွင် တန်းတူညီမျှမှု ရှိရမည်ဆိုသည့် မူဝါဒကို အဖွဲ့ဝင်နိုင်ငံများအားလုံးက ကုလသမဂ္ဂထံ အပ်နှင်းထားပြီး၊ ယင်းမူဝါဒများနှင့်အညီ ထိန်းသိမ်းရပ်တည်ပေးကြသော အဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ တစ်ချိန်တည်းမှာပင် အထက်ဖော်ပြပါ ချို့ယွင်းမှုများရှိသော အစီရင်ခံစာများ၊ မြန်မာနိုင်ငံကိုကိုယ်စားပြုသည့် တရားဝင်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိသည့် အပြန်အလှန်ဆွေးနွေးမှုများနှင့် နိုင်ငံအချို့၏ မြန်မာနိုင်ငံပြည်တွင်းရေး စွက်ဖက်ပြောကြားချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ရှုတ်ချ၍ ပြတ်သားစွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်။**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၂၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၃၀**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၂၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီခရိုင်အတွင်း အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေး ဆွေးနွေး

**သာယာဝတီ အောက်တိုဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးစိုက်ပျိုး ထုတ်လုပ်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို သာယာဝတီမြို့ အင်းရွာ တောင်သူပညာပေးသင်တန်းကျောင်း၌ အောက်တိုဘာ ၂၉ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ သွင်းအားစုနှင့် ဆန်စက်လုပ်ငန်းရှင်များ၊ အကျိုးတူလယ်ယာစနစ်ဆောင်ရွက်သူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေး ဦးသက်ဇင်မောင်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူးနှင့် သွင်းအားစုလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းကို အခြေပြုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ခိုင်မာရေး၊ ဈေးနှုန်းနှင့်ဈေးကွက်သေချာရေးတို့အတွက် ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့ ကောလိယမြို့နယ်ခန်းမ၌လည်း အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ဦးစွာ အနန္တရာယိကမင်္ဂလာ၊ အန္တရာယ်ကင်းမင်္ဂလာကိုကျင်းပပြုလုပ်ရာ ရတနာဆင်ဖြူတော်လေးက ဥပ္ပါတသန္တိစေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်တို့က ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ စေတီတော်ဂေါပက အလှည့်ကျသဘာပတိက ရတနာဆင်ဖြူတော်လေးကို ပေါက်ပေါက်များဖြင့် ကြဲပက်ပေးသည်။

ယင်းနောက် ဂေဟပ္ပဝေသနမင်္ဂလာ၊ အဆောင်တော်တက်မင်္ဂလာကို ပြုလုပ်ရာ ရတနာဆင်ဖြူတော်လေးကို ဆင်ဖြူတော်အဆောက်အဦအတွင်း မင်္ဂလာနေရာသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အာဟာရဘုဥ္ဇနမင်္ဂလာ၊ အစာအာဟာရကျွေးမွေးခြင်းမင်္ဂလာအဖြစ် ရတနာဆင်ဖြူတော်လေးကို အစာအာဟာရများ ကျွေးမွေးကြသည်။

**အမည်နာမံတော်ကြေညာ**

ထို့နောက် ရဝိန္ဒုဒဿနမင်္ဂလာ၊ နေလပြမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ ရတနာဆင်ဖြူတော်လေးက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား မျက်နှာမူ၍ ဖူးမြော်ပူဇော်နိုင်စေရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များက စီစဉ်ဆောင်ရွက်ပေးကြပြီး နာမကရဏ မင်္ဂလာ၊ ဘွဲ့နာမံအမည်တော်ပေးမင်္ဂလာအဖြစ် အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး၏ အမည်နာမံတော်အား ကြေညာသည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဟာရဘုဥ္ဇနမင်္ဂလာ၊ အစာအာဟာရကျွေးမွေးခြင်းမင်္ဂလာအဖြစ် ရတနာဆင်ဖြူတော်လေးကို အစာအာဟာရများ ကျွေးမွေးစဉ်။

**❍ ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ဖြစ်သည့် "ရဋ္ဌ နန္ဒက" (ရဋ္ဌ = တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း)(မြန်မာအဓိပ္ပာယ်အပြည့်အစုံမှာ-တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ဟု သုံးကြိမ်ခေါ်ဆို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာဆင်ဖြူတော်လေး၏ မိခင်ဆင်မကြီး ဇာနန်းလှအား အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရဝိန္ဒုဒဿနမင်္ဂလာ၊ နေလပြမင်္ဂလာ ပြုလုပ်ရာတွင် ရတနာဆင်ဖြူတော်လေးက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား မျက်နှာမူ၍ ဖူးမြော်နေမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်အား “ရဋ္ဌ နန္ဒက” ဟု ခေါ်ဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဏ္ဏာကာရ ပရိသိဋ္ဌဒါန မင်္ဂလာ၊ ရတနာဆင်ဖြူတော်အား လက်ဆောင်၊ လက်ဖွဲ့ပေးအပ်ခြင်းမင်္ဂလာ ပြုလုပ်ရာတွင် လက်ဆောင်လက်ဖွဲ့ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ဆင်ထိန်းမှ ကိုယ်စားလက်ခံရယူစဉ်။

*စာမျက်နှာ ၃ မှ*

### ဘွဲ့နာမံတော်ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်း

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့က ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ဖြစ်သည့် “ရဋ္ဌ **နန္ဒက” (ရဋ္ဌ = တိုင်းပြည်၊ နိုင်ငံ။ နန္ဒက = ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) ( မြန်မာအဘိဓာန်အပြည့်အစုံမှာ - တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ဟု သုံးကြိမ်ခေါ်ဆိုကြပြီး တာဝန်ရှိပုဂ္ဂိုလ်များက ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်းပေးကြသည်။

### လက်ဆောင်လက်ဖွဲ့ပစ္စည်းများ ပေးအပ်ချီးမြှင့်

ယင်းနောက် ပဏ္ဏာကာရ ပရိသိဋ္ဌဒါန မင်္ဂလာ၊ ရတနာဆင်ဖြူတော်အား လက်ဆောင်၊ လက်ဖွဲ့ပေးအပ်ခြင်းမင်္ဂလာကို ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ဆောင်လက်ဖွဲ့ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ဆင်ထိန်းမှ ကိုယ်စားလက်ခံရယူသည်။

### ဆုမွန်ကောင်းတောင်း

ထို့နောက် အဘိသေကဇယမင်္ဂလာ၊ ရတနာဆင်ဖြူတော်အား ဘိသိက်တော် အောင်ပွဲမင်္ဂလာအဖြစ် အခမ်းအနားမှူးက **“ရဋ္ဌ နန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** အမည်ရသည့် ရတနာဆင်ဖြူတော်လေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါကင်းပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဝပြောဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



တာဝန်ရှိသူများက ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော် “ရဋ္ဌ နန္ဒက” ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်းပေးစဉ်။

### အစာအာဟာရများ ကျွေးမွေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

**“ ရဋ္ဌ နန္ဒက ” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ရတနာဆင်ဖြူတော်လေးနှင့် ရတနာဆင်ဖြူတော်ဆောင် အတွင်းရှိ ရတနာဆင်ဖြူတော်များနှင့် ရတနာဆင်ဖြူတော်အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးခဲ့ကြသည်။

**ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီ**

အဆိုပါ ရတနာဆင်ဖြူတော်လေး **“ရဋ္ဌ နန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိ၍ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၃ လ ၇ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၁၀ လက်မ၊ ကိုယ်လုံး လုံးပတ် ၄ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၂၆၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော်သို့ အောက်တိုဘာ ၂၇ တွင်ရောက်ရှိခဲ့ကာ ယခုအခါ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်းနှင့် ယခု ရတနာဆင်ဖြူတော် **“ရဋ္ဌ နန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** သည် ဒသမမြောက် ဆင်ဖြူတော်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များကို အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များကို အစာအာဟာရများ ကျွေးမွေးစဉ်။

- **ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၃ လ ၇ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၂၆၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့် အတူ နေပြည်တော်သို့ အောက်တိုဘာ ၂၇ တွင် ရောက်ရှိခဲ့ကာ ယခုအခါ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာ ပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိ**

# ဆင်ဖြူရတနာဆိုက်ရောက်လာ ဘေးရန်ကင်းရှင်းသာယာခြင်းနှင့် ကောင်းခြင်းစုံစွာ ပြည်မြန်မာ

***အာကာမောင်မောင်***



မိခင် ဆင်မဇာနန်းလှနှင့် ဆင်ဖြူတော် ရဋ္ဌနန္ဒက ကို တွေ့ရစဉ်။

တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းများမှာ မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်ပြည့်စုံသည့်ကာလများတွင် ဆင်ဖြူတော်များ ပေါ်ထွန်းလေ့ရှိပါသည်။ ဆင်ဖြူတော်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့မှာ ဖြစ်ထွန်းပေါ်ပေါက်ဖို့ အင်မတန်ခဲယဉ်းလှသည့် ရတနာတစ်ပါး ဖြစ်ပါသည်။ ဆင်အရေအတွက် တစ်ထောင်မှာ ဆင်ဖြူတစ်စီးတွေ့ရခဲလှပါသည်။

### ဘုရင်မင်းမြတ်တို့မှာ ဆင်ဖြူတော် ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှား

ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်း **အဆက်ဆက်မှာလည်း ဆင်ဖြူရရှိဆက်သခံရသည့် ဘုရင်မင်းမြတ်တို့မှာ ဆင်ဖြူတော် ပိုင်ဆိုင်ခြင်းနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားများ စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း စသည့်ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။** ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သော အနော်ရထာမင်းတရား၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားနှင့် ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်ခဲ့သော အလောင်းမင်းတရားတို့မှာလည်း ဆင်ဖြူများရှင် မင်းတရားကြီးများ ဖြစ်ခဲ့ကြသည်။

### ဝေဿန္တရာဇာတ်တော်ကြီးတွင် ဆင်ဖြူတော်အကြောင်း ဖော်ပြပါရှိ

မြန်မာတို့၏ဆိုရိုးစကား ဆုံးမစာတို့တွင် "ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်း မကြွယ်နှင့်၊ ရှေးထုံးပယ်က လွဲတတ်သည်၊ ဈေးသုံးကြွယ်ကမွဲတတ်သည်"ဟူ၍ ရှိထားသည်။ ရှေးအစဉ်အဆက် မြန်မာဘုရင်တို့သည် **ဆင်ဖြူတော်နှင့်ပတ်သက်လျှင် အတိတ်ကောင်းနိမိတ်ကောင်း** ကောက်ယူကာ တယုတယ ပြုစုစောင့်ရှောက်လေ့ရှိကြသည်။ **ဆင်ဖြူတော်တစ်စီး ပေါ်လာပြီဆိုသော သတင်းသည် တိုင်းပြည်အတွက် ကောင်းသောအတိတ်၊ ကောင်းသော နိမိတ်ဖြစ်သည်။ ဆင်ဖြူတော်နှင့် ပတ်သက်လျှင် ရှေးအစဉ်အဆက်ကပင် အလေးထားတန်ဖိုးထားခဲ့ကြသည်။** ဗုဒ္ဓဘာသာဝင် အများသိရှိကြသော ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် နောက်ဆုံး ဇာတ်တော်မှာ ဝေဿန္တရာဇာတ်တော်ကြီး ဖြစ်သည်။ ဘုရားဖြစ်တော်မူရန်ကျင့်ကြံအားထုတ် ပါရမီတော်များ ဖြည့်ကျင့်နေသော ဗုဒ္ဓလောင်းလျာ၏ ဘဝဖြစ်စဉ်အစိတ်အပိုင်းအချို့ လေ့လာသိရှိလိုလျှင် ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို ဖတ်မှတ်ရသည်။ ဝေဿန္တရာဇာတ်တော်ကြီးတွင် ဆင်ဖြူတော်အကြောင်း ဖော်ပြပါရှိသည်။

ဝေဿန္တရာမင်း ဖွားမြင်သည့်နေ့တွင် ကောင်းကင်၌ သွားလာနေသော ဆင်ပျံမတစ်စီးသည် ဆင်ဖြူတော်ပေါက်ကလေးတစ်စီးကို ဆောင်ယူလာလျက် မင်းကြီး၏ ဆင်တင်းကုပ်၌ထားခဲ့သည်။ ထိုဆင်ဖြူတော်လေးမှာ ဗုဒ္ဓလောင်းလျာအား အထောက်အပံ့ဖြစ်စေသောကြောင့် **ပစ္စယ**ဟု အမည်တွင်ပါသည်။ ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာသည်။ စားရေရိက္ခာပြည့်စုံဖူလုံသည်။ တိုင်းပြည်သာယာဝပြောသည်။ မကောင်းသော ဘေးရန်၊ အဖျက်ရန်အပေါင်း ကင်းစင်လွင့်ပျောက်သည်။ ဝေဿန္တရာမင်းကြီးသည် အလှူအတန်းတွင် လွန်စွာရက်ရောသည်။ အလှူမပြုသောနေ့ဟူ၍ မရှိသလို မလှူဘူးဟူ၍ ဆုံးဖြတ်ထားသော အရာ လုံးဝမရှိပေ။

### ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာသည်

သိဝိတိုင်း စေတုတ္တရာပြည်တွင် ဆင်ဖြူတော်ရှိနေသည့်အတွက် ဆိုးကျိုးပျောက်၍ ကောင်းကျိုးရောက်နေသော်လည်း အခြားသော တိုင်းပြည်ဖြစ်သော ကာလိင်္ဂရာဇ်တိုင်း၌ တစ်တိုင်းလုံး မိုးခေါင်၍ အစာရေစာ ငတ်မွတ်ခေါင်းပါးသည့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေသည်။ ပညာရှင်တို့က "ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာသည်။ သိဝိတိုင်း စေတုတ္တရာပြည် ဝေဿန္တရာမင်းကြီးထံ၌ ဆင်ဖြူတော်ရှိသည်။ ဝေဿန္တရာ မင်းကြီးသည် အလှူဒါန၌ အလွန်မွေ့လျော်သူဖြစ်၍ သူ့ထံမှ ဆင်ဖြူတော်ကို အလှူခံသင့်ပါသည်" ဟု လျှောက်ထားကြသည်။

ကာလိင်္ဂရာဇ်တိုင်းသို့ ဆင်ဖြူတော် ရောက်ရှိသွားသောအခါ မိုးရွာသွန်းပြီး တောင်သူလယ်သမား လယ်ယာလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်ကြသဖြင့် ငတ်မွတ်ခေါင်းပါးဘေးမှကင်းဝေးသွားသည်။ ဤသည်မှာ ဇာတ်တော်လာ ဆင်ဖြူတော်အကြောင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို **သက်ဝင်ယုံကြည်ကြသော ရှေးမြန်မာဘုရင် အဆက်ဆက်တို့သည်လည်း ဆင်ဖြူတော်ရရှိခြင်းကို လွန်စွာ အလေးထားကြသည်။ ဆင်ဖြူတော်ရှိလျှင် တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာပေါကြွယ်သည်ဟု ယုံကြည်စိတ်ရှိသည့်အတိုင်း လက်တွေ့တွင်လည်း ကောင်းကျိုးများ ဖြစ်ထွန်းပေါ်ပေါက်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာတို့၏ အစဉ်အလာ ဆင်ဖြူတော်နှင့် ပတ်သက်မှုပင်ဖြစ်သည်။**

ဆက်လက်ဖော်ပြလိုသည်မှာမြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော ငါးစီးရှင်ကျော်စွာနှင့် ဆင်ဖြူတော်များ အကြောင်းဖြစ်သည်။ ငါးစီးရှင်ကျော်စွာဆိုသည်မှာ တစ်စီးရှင် သီဟသူ၏ သားတော်ဖြစ်ပြီး သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ဘုရင်အဖြစ်သို့ ရောက်ရှိသည်။

*စာမျက်နှာ ၇ သို့*

**❋ နိုင်ငံတော်အတွက်ကောင်းသော အကြောင်းအရာများ စွမ်းဆောင်နေခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့တွင် ဒုသမမြောက်ဆင်ဖြူတော်တစ်စီး ပေါ်ပေါက်လာခဲ့သည်။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက်(၃၃)နှစ်က ဆင်ဖြူတော်(အထီး) ကလေးတစ်စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက် မင်္ဂလာအချိန် ၀၆:၃၀ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိကြောင်း မင်္ဂလာသတင်းကို ပြည်သူများ ကြားမြင်သိရှိပြီး ဖြစ်သည်။**

**❋ အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။**


ဆင်ဖြူတော် ရဋ္ဌနန္ဒက ကို တွေ့ရစဉ်။

**❖ ဆင်ဖြူတော်ကလေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) တနင်္ဂနွေနေ့၊ နံနက်ပိုင်းတွင် အမည်တော်ပေး မင်္ဂလာအခမ်းအနား ကျင်းပသည်။ ဆင်ဖြူတော်၏ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက (ရဋ္ဌ = တိုင်းပြည်၊ နိုင်ငံ။ နန္ဒက = ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ် အပြည့်အစုံမှာ - တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဒသမမြောက် ဆင်ဖြူတော်ရဋ္ဌနန္ဒက (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ထူးခြားစွာ ပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြော စည်ပင်တော့မည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဘေးဆိုးကပ်ဆိုးရောဂါဆိုး ကွယ်ပျောက်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကျက်သရေမင်္ဂလာတို့ ပြည့်ဝလာတော့မည်မှာ အမှန်ပင်ဖြစ်သည်**

*စာမျက်နှာ ၆ မှ*

ဆင်ဖြူငါးစီး ပိုင်ဆိုင်ခြင်းကြောင့် ငါးစီးရှင်ဟု ကျော်ကြားခဲ့ခြင်းဖြစ်သည်။ တစ်ရံရောအခါ ဆင်ဖြူတွေ့သည်ဟူ၍ လျှောက်လာလျှင် အလုံးအရင်းနှင့် ကိုယ်တိုင်ကြွတော်မူ၍ အင်တွဲလွန်နှင့် ကျော့တော်မူသည်။ လှိုင်းတက်အရပ်၌ ဟိုင်းတစ်စီးရတော်မူသည်။ ထိုဆင်ဖြူကို **"ပုလဲတမူး"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ မုံတောမြောင်းကျပ်၌ ဆင်ဖြူတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"မဟာကေသရ"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ ပျက်စွယ်တောင် ခြေရင်းဝယ်တစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"သန်မြင်စွာ"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ စမုံဖျားဝယ် ဟိုင်းတစ်စီး ရတော်မူသည်။ ထိုဆင်ဖြူကို **"ဥပေါသထာ"** ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ သဘန်းကိုးရွာမြောက် လွန်တဲညွန့်ကျုံးတွင် ရသောဆင်ဖြူအား **"ချစ်စွာမရဲ"** ဟူသော အမည်ကိုဘွဲ့တပ်တော်မူသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ရှေးက ဘုရင်မင်းမြတ်တို့သည်လည်း မိမိတို့ ဘုန်းကံအလျောက် ပေါ်ထွန်းလာသည့် ဆင်ဖြူတော်တိုင်းကို ဘွဲ့အမည်ပေးကြသည်ကို တွေ့ရသည်။

**တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နိုင်သည့် ဘုရင်မင်းမြတ်များ လက်ထက်တွင် ဆင်ဖြူတော်ပေါ်ထွန်း ကြောင်း မြန်မာရာဇဝင်တွင် တွေ့ရှိ**

ဘုရားအလောင်းတော်ဘဝမှ အစပြုကာ ဗုဒ္ဓမြတ်စွာအဖြစ် ပေါ်ထွန်းသည်အထိ ဆင်ဖြူတော်နှင့် ပတ်သက်၍ အလေးထားမှုများမှာလည်း ရေးသား၍ မကုန်နိုင်အောင်ဖြစ်သည်။ ထိုမှဆက်နွယ်၍ မြန်မာဘုရင်မင်းမြတ်တို့၏ စာပေ၊ ဂီတများတွင် ဆင်ဖြူတော်နှင့် သက်ဆိုင်သော ရေးသားဖွဲ့ဆိုမှုများမှာလည်း ဖော်ပြ၍ မဆုံးနိုင်အောင်ပင် ဖြစ်သည်။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်" ဟူသော အသုံးအနှုန်းကို လေ့လာကြည့်ခြင်းအားဖြင့် ဘာသာသာသနာတော် စောင့်ရှောက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နိုင်သည့် ဘုရင်မင်းမြတ်များ လက်ထက်တွင် ဆင်ဖြူတော်ပေါ်ထွန်းကြောင်း မြန်မာရာဇဝင်တွင် တွေ့ရှိရသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီး လက်ထက်တွင် အထက်မြန်မာနိုင်ငံ၌ သတင်းစာပေါ်ပေါက်နေပြီ ဖြစ်သည်။ ၁၈၇၂ ခုနှစ် ဇူလိုင်လ ၁၂ ရက် (မြန်မာသက္ကရာဇ် ၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက် သောကြာနေ့ နံနက်) မြန်မာသတင်းစာတွင် **"ဆင်ဖြူတော်သတင်း (အရပ် ၂ တောင်ခန့်ရှိပြီး ဦးကင်း ကျောကုန်းနှင့်မေးအောက် ရင်ဘတ်မွေးများပါဖြူခြင်း)"** ဟူ၍ သတင်းတစ်ပုဒ်ပါလာသည်။ ၎င်းမှာ ဆင်ဖြူတော်ကလေးကိုသွား၍ ကြည့်ကြရာ၊ ဆင်ဖြူတော် အရပ် ၂ တောင်ခန့်၊ ၃ ပေခန့်ရှိပါသည်။ ဦးကင်းမွေး၊ ကျောကုန်းမွေး၊ မေးအောက်ရင်ဘတ်မွေးများသည် ငွေရောင်ကဲ့သို့ ဖြူပါသည်။ မျက်လုံးများလည်း လှပပါသည်။ အသားအရေမှာ ယခုဆင်ဖြူတော်သည် ထားဝယ်မြို့က ဆက်သော ဆင်ဖြူမလောက်မရှိပါ။ အနားတွင် ကြည့်နေကြသောသူများကို မေးမြန်းရာကြီးလျှင် တစ်ပုံဖြစ်လေဦးမည်။ ထားဝယ်က ဆက်ရောက်လာသော ဆင်ဖြူမထက် ယခုဆင်ဖြူတော်မလေးက ကြန်အင်လက္ခဏာကောင်းသည်ဟု ပြောကြပါသည်။ တောင်တွင်း ရမည်းသင်းဆီက ဆက်လာသော ဆင်ဖြူမဟု ပြောကြပါသည်။ ယခုနန်းတော်ထဲမှာ ကောင်းမွန်စွာ ထားပါသည်ဟူ၍ ဖော်ပြထားသည်။

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်သာယာဝပြောရေး၊ စားရေ ရိက္ခာဖူလုံရေး အားသွန်ခွန်စိုက် ဆောင်ရွက်**

ထို့အတူ နေပြည်တော်သတင်း ဟူသော ခေါင်းစဉ်ဖြင့် **(အထက်မှ ဆက်လာသော ဆင်ဖြူတော်ကို လမ်းဘက်ဝဲယာ တူရိယာတီးမှုတ်၍ ရတနာတင်းကုပ်သို့သွင်းခြင်း)** "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သကျာဝတ၊ အဂ္ဂိပဝရ၊ မြက်မြွာနဝက တို့၏ အသျှင်၊ မင်းတွင်မင်းခေါင်၊ လင်းပြောင်ချီရှိန်၊ သိရိန္ဒြေ၊ ဖြိုးဝေမြင့်မား၊ မင်းတရားကြီးဘုရားသည် ဆယ်ပါးရာဇ၊ မြတ်ဓမ္မနှင့်၊ သင်္ဂဟလေး၊ နှောင့်နှေးမယွင်း၊ ဖြည့်တင်းဆောက်ဦ၊ ကျင့်တော်မူသောကြောင့်၊ ရာဇူစက္ကရတ်၊ ဘေးလောင်းမြတ်ဝယ်၊ ဥဂ္ဂဠ္ဌစကြာ၊ ဖူးဆိုက်လာသကဲ့သို့၊ ထက်ရွာမြို့နယ်၊ အောင်မယ်အောင်ချက်၊ ဘူမိနက်မှ၊ နှင်းဆက်ပဏ္ဏာ၊ သွင်းပို့လာသော၊ သာခွာငွေကျူ၊ ရေတူနှိုင်းလျော်၊ ဆင်ဖြူတော် ပေါက်လှကို ၁၂၃၈ ခု၊ ရတုဝသန္တ၊ လသီတင်းကျွတ်၊ ဝင်းလွတ်မြန်းတက်၊ ဆန်း ၆ ရက်နှိုက်၊ လမ်းဘက်ဝဲယာ၊ ပဥ္စင်ပြာ၍၊ ရတနာတင်းကုပ်သို့ သွင်းတော်မူကြောင်းများကို ကြားသိတွေ့မြင်ရလေသည်"ဟူ၍ ဖော်ပြထားသည်။ ဤအထောက်အထားများကို ရေးသားဖော်ပြရခြင်းမှာ ရှေးမြန်မာမင်းများအဆက်ဆက် ဆင်ဖြူတော်ကို အလေးအနက် တန်ဖိုးထားသည်ကို စာဖတ်သူများ သိစေလို၍ ဖြစ်ပါသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးခြင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ခြင်း စသည်တို့အပြင် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် တည်ဆောက်လျက်ရှိသည်။

**မင်္ဂလာသတင်းကို ပြည်သူများ ကြားမြင်သိရှိပြီးဖြစ်**

နိုင်ငံတော်အတွက် ကောင်းသော အကြောင်းအရာများ စွမ်းဆောင်နေခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်၂၃ ရက်နေ့တွင် ဒသမမြောက် ဆင်ဖြူတော်တစ်စီး ပေါ်ပေါက်လာခဲ့သည်။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက်(၃၃)နှစ်က ဆင်ဖြူတော်(အထီး) ကလေးတစ်စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက် မင်္ဂလာအချိန် ဝ၆:၃၀ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိကြောင်း မင်္ဂလာသတင်းကို ပြည်သူများ ကြားမြင်သိရှိပြီးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၎က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေး ဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေးမှာ အသက် ၃ လ ၇ ရက်သားအရွယ်တွင် အရပ်အမြင့် ၂ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၂၆၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ယခုအခါ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေပြီး ဥပ္ပါတသန္တိစေတီတော်၏ အရှေ့ဘက်မုခ်တွင် ဆင်ဖြူတော်ရတနာနားနေဆောင်များ ဆောက်လုပ်၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ ဆင်ဖြူတော်များ သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်စေရန် ဆင်ဖြူတော်ရတနာဥယျာဉ်ကို ဘုရားဝတ္ထုကံမြေအတွင်း ပြုပြင်ထားရှိပါသည်။

**ဆင်ဖြူတော်၏ ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက ဖြစ်**

ဆင်ဖြူတော်ကလေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) တနင်္ဂနွေနေ့၊ နံနက်ပိုင်းတွင် အမည်တော်ပေး မင်္ဂလာအခမ်းအနား ကျင်းပသည်။ ဆင်ဖြူတော်၏ ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက (ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ် အပြည့်အစုံမှာ – တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဒသမမြောက် ဆင်ဖြူတော် ရဋ္ဌနန္ဒက (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ထူးခြားစွာ ပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြော စည်ပင်တော့မည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဘေးဆိုးကပ်ဆိုး ရောဂါဆိုး ကွယ်ပျောက်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကျက်သရေမင်္ဂလာတို့ ပြည့်ဝလာတော့မည်မှာ အမှန်ပင်ဖြစ်သည်။

ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ကာ ချစ်ခင်နှစ်လိုဖွယ်ရာလည်း ကောင်းသည်။ ဆင်ဖြူတော်၏ အမည်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်အပြင် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြော ပျော်ရွှင်မှုကို ဖော်ဆောင်ပေးသော အတိတ်နိမိတ်ပင်ဖြစ်သည်။

ထို့ကြောင့် "ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) အမည်ရသည့် ရတနာဆင်ဖြူတော် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါကင်းပါစေ၊ အသက်ရာကျော်ရှိပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဝပြောဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေ၊ တိုင်းသူပြည်သားများသည်လည်း ပျော်ရွှင်ချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းတောင်းကာ ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော်အမည်ပေး ကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာအခမ်းအနားကျင်းပပုံ ဓာတ်ပုံမြင်ကွင်း













# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် စတုတ္ထအကြိမ်မြောက် ကျင်းပသည့်ပွဲဖြစ်ပြီး ပုလဲအတွဲ ၃၆၂ တွဲ၊ ကျောက်မျက်အတွဲ ၅၅ တွဲနှင့် ကျောက်စိမ်း အတွဲ ၁၈၃၆ တွဲ အောင်မြင်စွာရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ၊ ဝန်ထမ်းဝတ်စုံများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုပြပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် စတုတ္ထအကြိမ်မြောက် ကျင်းပသည့်ပွဲဖြစ်ပြီး ပုလဲအတွဲ ၃၆၂ တွဲ၊ ကျောက်မျက်အတွဲ ၅၅ တွဲနှင့် ကျောက်စိမ်း အတွဲ ၁၈၃၆ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ အနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ် ကာလနှင့် ပြပွဲကျင်းပပြီး ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြပွဲတွင် ရောင်းချခဲ့သည့် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်း အတွဲများကို ဝယ်ယူရရှိခဲ့သည့် နိုင်ငံသား ရတနာကုန်သည်များ အနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်စေခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေရေး အလေးထားဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကူညီပံ့ပိုး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။ (ဝဲပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ဝန်ထမ်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

**သတင်းစဉ်**

---

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘားအံ ဂေါက်ကလပ်၌ ကျင်းပခဲ့ပြီး လှိုင်းဘွဲ့၊ ဖာပွန်၊ မော်လမြိုင်၊ ကျိုက်ထို၊ ဘားအံမြို့နယ်တို့မှ ဂေါက်သီးရိုက် အသင်း ၁၀ သင်း၊ အားကစားသမား ၁၃၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်တို့က ဖွင့်လှစ်ပေးခဲ့ကြပြီး အဝေးဆုံးရိုက်ချက်ဆု၊ ကျင်းနှင့် အနီးဆုံးဆု၊ လိုင်းနှင့် အနီးဆုံးဆု၊ ပါအများဆုံးဆု၊ ဘာဒီအများဆုံးဆု၊ ကျင်းပုန်းဆု၊ အကြိုးစားဆုံးဆုနှင့် Handicap 19 to 24 အငယ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ Handicap 0 to 18 အကြီးတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများ၊ အသင်းလိုက် တတိယဆုရ လှိုင်းဘွဲ့ (က) အသင်း၊ ဒုတိယဆုရ မော်လမြိုင် (ခ)အသင်းနှင့် ပထမဆုရရှိသော ဘားအံ(က)အသင်းတို့ကို ငွေသားဆု၊ ဆုကလပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၀-၂၀၂၂ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၀၅ | ၂၇၇၀ |
| 95 Ron | ၂၀၉၀ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၄၀ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၂၈၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၄၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၄၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၄၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၀ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၂ | ၁၉၇၄ |
| 95 Ron | ၁၉၈၈ | ၂၀၆၁ |
| HSD (500 ppm) | ၂၅၈၁ | ၂၆၆၂ |
| HSD (50 ppm) | ၂၆၅၂ | ၂၇၃၅ |
| HSD (10 ppm) | ၂၆၅၂ | ၂၇၃၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Inya Urban Force–IUF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိက ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အဦများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း အိမ်အမှတ် (၄/၂၈–က) နေ ဦးအုန်းသွင်နှင့် ၎င်း၏သားမက်ဖြစ်သူ ကိုရဲတေဇ တို့သည် မြို့တွင်းမှ နေအိမ်သို့ မော်တော်ယာဉ်ဖြင့် ပြန်လာစဉ် နေအိမ်ရှေ့အရောက်၌ အကြမ်းဖက်သမားများက ပစ္စတိုဖြင့် ပစ်ခတ်၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ **ကျော်ကောင်းထက် (ခ) ကောင်းထက် (ခ) အောင်နိုင်မိုး** အား အောက်တိုဘာ ၁ ရက်တွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ဖူဆန် တရုတ်ဘုံကျောင်းအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်ကောင်းထက် (ခ) ကောင်းထက် (ခ) အောင်နိုင်မိုး**၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံ သတ်ဖြတ်မှုများတွင် ပါဝင်ခဲ့သည့် ဆက်စပ်တရားခံများဖြစ်သော **ဥက္ကာဖြိုး (ခ) ဖရန့် (ခ) အုပ်ကြီး၊ ဇင်မေလတ် (ခ) ရတီ (ခ) ပေရယ်၊ သန်းထက်ဇင် (ခ) မိုးစက်၊ ညီညီချစ်ထူး (ခ) မိုင်း၊ ရွှန်းလဲ့ဝေ (ခ) ဟာနာ (ခ) နောဝိုင်** တို့အား အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းရှိ တက္ကသိုလ် ရေကူးကန်၌ လည်းကောင်း၊ ယင်းနေ့ မွန်းလွဲပိုင်းတွင် **နေရှိုင်း (ခ) ရှိုင်းထက်** အား ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စက်မှုလယ်ယာ (၃) လမ်း အိမ်အမှတ် (၁၃၁၄) ၌လည်းကောင်း၊ အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် **သန်းထွန်းပိုက် (ခ) ကိုစိုင်း (ခ) ဂျိုးမိုက်** နှင့် **ပန်းအိအိကျော်(ခ)အိန္ဒြာ** တို့အား ကမာရွတ်မြို့နယ် အမှတ် (၂) ရပ်ကွက် ပြည်လမ်းရှိ သုခကမ္ဘာဆေးရုံအနီး၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် **ဇေယျာလင်းထက် (ခ) ဟန်လင်းထက်** အား သာကေတမြို့နယ် အမှတ် (၂) တောင်ရပ်ကွက် ဇောတာရုံလမ်း၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံ

*စာမျက်နှာ ၁၁ သို့*




**၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း(မြောက်)အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းနှင့် ဦးသီဟလမ်းထောင့်၌ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ**



ရာအိမ်မှူး ဒေါ်နှင်းနှင်းလှိုင်(သေဆုံး)

**၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်း အိမ်အမှတ်(၇၇)ရှေ့ လမ်းမပေါ်၌ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ**




ရာအိမ်မှူး ဒေါ်ခင်သူဇာအောင်(ခ)ဒေါ်မေသူအောင် (သေဆုံး)

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၃၁) ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ**



ဦးတင်မောင်အေး (သေဆုံး)





၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ယာဉ်ထိန်းရုံး၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။




၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် ရန်ကင်းမြို့နယ် ကန်ပတ်လမ်းနှင့် ရန်ကင်းလမ်းထောင့်ရှိ ယာဉ်ထိန်းရုံး၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၀ မှ*

သတ်ဖြတ်ခဲ့သည့် တရားခံ **ကျား ခုနစ် ဦး၊ မ သုံးဦး စုစုပေါင်း ၁၀ ဦးကို** ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဥက္ကာဖြိုး (ခ) ဖရန့် (ခ) အုပ်ကြီး၊ သန်းထက်ဇင် (ခ) မိုးစက်နှင့် ကျော်ကောင်းထက် (ခ) ကောင်းထက် (ခ) အောင်နိုင်မိုး** တို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် လှိုင်မြို့နယ် မာလာမြိုင် (၄) လမ်း အိမ်အမှတ် (၉၆) ၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း ၁၀ ရက် တက်ရောက်ခဲ့ကြောင်း၊ **နေရှိုင်း (ခ) ရှိုင်းထက်** သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ရွာအနီး၌ မင်းကင်း PDF အဖွဲ့ထံတွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး သင်တန်း ၄ လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့အကြမ်းဖက် သင်တန်းများ တက်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် **Inya Urban Force-IUF** အမည်ခံအကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန် တရားခံ **ကိုပိုင် (ခ) စစ်နိုင်** ခေါင်းဆောင်၍ **ဥက္ကာဖြိုး (ခ) ဖရန့် (ခ) အုပ်ကြီး၊ သန်းထက်ဇင် (ခ) မိုးစက်၊ ကျော်ကောင်းထက် (ခ)ကောင်းထက် (ခ) အောင်နိုင်မိုး၊ သန်းထွန်းပိုက် (ခ) ကိုစိုင်း (ခ) ဂျိုးမိုက်၊ နေရှိုင်း (ခ) ရှိုင်းထက်၊ ဇေယျာလင်းထက် (ခ)ဟန်လင်းထက်၊ ညီညီချစ်ထူး (ခ) မိုင်း၊ ရွှန်းလဲ့ဝေ (ခ) ဟာနာ (ခ) နောဝိုင်၊ ဇင်မေလတ် (ခ) ရတီ (ခ) ပေရယ်၊ ပန်းအိအိကျော် (ခ) အိန္ဒြာ** နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **သီဟ (ခ) ကူးပါး၊ ကိုထက် (ခ) ကိုဗန်၊ ကိုလင်း** တို့ပါဝင်သော အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

IUF အမည်ခံအကြမ်းဖက် အဖွဲ့သည် နိုင်ငံတော်၏အုပ်ချုပ်မှု ယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ၂ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

➢ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် **ဥက္ကာဖြိုး (ခ) ဖရန့် (ခ) အုပ်ကြီး** သည် ရန်ကင်းမြို့နယ် ကန်ပတ်လမ်းနှင့် ရန်ကင်းလမ်းထောင့်ရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

➢ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် **ညီညီချစ်ထူး (ခ) မိုင်း** သည် ပန်းဘဲတန်း မြို့နယ် ရွှေဘုံသာလမ်း နှင့် အနော်ရထာ လမ်းထောင့်ရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ IUF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များသည် အပြစ်မဲ့ ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု (၆) ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

➢ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် **သန်းထွန်းပိုက် (ခ) ကိုစိုင်း (ခ) ဂျိုးမိုက်**သည် ကြည့်မြင်တိုင်မြို့နယ် မကျည်း တန်း (မြောက်) အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းနှင့် ဦးသီဟလမ်းထောင့်၌ ရာအိမ်မှူး ဒေါ်နှင်းနှင်းလှိုင် အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် **ညီညီချစ်ထူး (ခ) မိုင်း၊ ရွှန်းလဲ့ဝေ (ခ) ဟာနာ (ခ) နောဝိုင်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာ** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

➢ ဒီဇင်ဘာ ၂၉ ရက်တွင် **သန်းထွန်းပိုက် (ခ) ကိုစိုင်း (ခ) ဂျိုးမိုက်**သည် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်း အိမ်အမှတ် (၇၇) ရှေ့ လမ်းမပေါ်၌ ရာအိမ်မှူး ဒေါ်ခင်သူဇာအောင် (ခ) ဒေါ်မေသူအောင် အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် **ညီညီချစ်ထူး (ခ) မိုင်း၊ ရွှန်းလဲ့ဝေ (ခ) ဟာနာ (ခ) နောဝိုင်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာ** တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

➢ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် **သန်းထွန်းပိုက် (ခ) ကိုစိုင်း (ခ) ဂျိုးမိုက်**သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၃၁) ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးတင်မောင်အေး အား နေအိမ်အတွင်းသို့ ဝင်ရောက်၍ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် **ညီညီချစ်ထူး (ခ) မိုင်း၊ ရွှန်းလဲ့ဝေ (ခ) ဟာနာ (ခ) နောဝိုင်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာ** တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

➢ ဧပြီ ၁၀ ရက်တွင် **သန်းထွန်းပိုက် (ခ) ကိုစိုင်း (ခ) ဂျိုးမိုက်** နှင့် **ကျော်ကောင်းထက်(ခ)ကောင်းထက်(ခ)အောင်နိုင်မိုး**တို့ နှစ်ဦးသည် လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ကမ်းနားလမ်း အောင်ကောင်းစံ စားသောက်ဆိုင် ၌ ဗိုလ်မှူး ကုဋ္ဌေဖြိုးအောင် နှင့် စိုင်းအောင်အောင်ဇော် တို့အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် **ညီညီချစ်ထူး (ခ) မိုင်း၊ သန်းထက်ဇင် (ခ) မိုးစက်၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ) နောဝိုင်နှင့် ပန်းအိအိကျော် (ခ) အိန္ဒြာ** တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

➢ ဇူလိုင် ၂၈ ရက်တွင် **သန်းထွန်းပိုက်(ခ)ကိုစိုင်း (ခ) ဂျိုးမိုက်**နှင့် **ကျော်ကောင်းထက်(ခ)ကောင်းထက် (ခ) အောင်နိုင်မိုး** တို့ နှစ်ဦးသည် ဗိုလ်တထောင် မြို့နယ် အမှတ် (၇) ရပ်ကွက် ဘိုကလေးဈေး အနီး၌ အမှတ် (၇) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း(ခ)ဘော်ဘီ အား ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် **ဥက္ကာဖြိုး (ခ)ဖရန့် (ခ) အုပ်ကြီး၊ နေရှိုင်း (ခ) ရှိုင်းထက်၊ ဇေယျာလင်းထက်(ခ)ဟန်လင်းထက်၊ ဇင်မေလတ်(ခ) ရတီ(ခ) ပေရယ်** နှင့် **ပန်းအိအိကျော်(ခ)အိန္ဒြာ** တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

➢ စက်တင်ဘာ ၂၄ ရက်တွင် **သန်းထွန်းပိုက်(ခ) ကိုစိုင်း (ခ) ဂျိုးမိုက်**နှင့် **နေရှိုင်း (ခ) ရှိုင်းထက်** တို့ နှစ်ဦးသည် လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက် အောင်ဇမ္ဗူရိပ်သာလမ်း အိမ်အမှတ် (၄/၂၈-က) တွင် နေထိုင်သော ဦးအုန်းသွင်နှင့် ၎င်း၏ သားမက်ဖြစ်သူ ကိုရဲတေဇ တို့အား ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် **ကျော်ကောင်းထက်(ခ)ကောင်းထက် (ခ) အောင်နိုင်မိုး၊ ဥက္ကာဖြိုး (ခ) ဖရန့် (ခ) အုပ်ကြီး၊ ဇေယျာလင်းထက်(ခ)ဟန်လင်းထက်၊ ဇင်မေလတ်(ခ) ရတီ (ခ) ပေရယ်**နှင့် **ပန်းအိအိကျော်(ခ) အိန္ဒြာ** တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံ သတ်ဖြတ်ခြင်းများကို ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ကိုပိုင် (ခ) စစ်နိုင်၊ သီဟ (ခ) ကူးပါးနှင့် ကိုထက် (ခ) ကိုဗန်** တို့မှ ခိုင်းစေခဲ့ခြင်းဖြစ်ပြီး ဖောက်ခွဲရေး ပစ္စည်းများနှင့် လက်နက်/ခဲယမ်းများကို **ကိုပိုင် (ခ) စစ်နိုင်** မှထုတ်ပေး၍ လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်ပြီးပါက **ကိုပိုင် (ခ) စစ်နိုင်** ထံသို့ ပြန်လည်အပ်နှံရကြောင်း၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ အတွက် တစ်ဦးလျှင် ၃ သောင်းကျပ်မှ ၂ သိန်းကျပ်အထိ ရရှိကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



အုပ်ချုပ်ရေးမှူး
ဦးသန်းဝင်း(ခ)ဘော်ဘီ

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၇) ရပ်ကွက် ဘိုကလေးဈေးအနီး၌ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ

၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်တွင် လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ကမ်းနားလမ်းရှိ"အောင်ကောင်းစံ" စားသောက်ဆိုင်အတွင်း၌ စစ်သည် တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ဗိုလ်မှူး ကုဋ္ဌေဖြိုးအောင်
(ကျဆုံး)



စိုင်းအောင်အောင်ဇော်
(သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၂) ရပ်ကွက် အောင်ဇမ္ဗူရိပ်သာလမ်း အိမ်အမှတ် (၄/၂၈-က)ရှေ့၌ အပြစ်မဲ့ပြည်သူ နှစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ကိုရဲတေဇ
(သေဆုံး)



ဦးအုန်းသွင်
(သေဆုံး)

## နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ) ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာတွင် အောက်တိုဘာလစတုတ္ထပတ်က မြစိမ်းရောင် စီမံကိန်း (ငါးကဏ္ဍ) မှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ရရှိသောအကျိုးအမြတ်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပျဉ်းမနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်တာဝန်ခံနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများက ရှင်းလင်းဆွေးနွေးပွဲကို အဆိုပါကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်ငါးလုပ်ငန်းတာဝန်ခံ ဦးထွန်းနွယ်ဦး၊ မြို့နယ် ဦးစီးဌာနမှူး ဒေါ်ကေသီစိုး၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ဦးစီးဌာနမှူးများ၊ အဖွဲ့ဝင်များသည် ကျေးရွာမြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ အသင်းသူ အသင်းသားများနှင့် တွေ့ဆုံပြီး နိုင်ငံတော်နှင့်ဌာနမှ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားရေးအထောက်အကူဖြစ်စေရေးအတွက် ထုတ်ချေးထားသော အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေများကို အပြည့်အဝ ပြန်လည်ပေးသွင်းရေးနှင့် ရရှိလာသည့် အကျိုးအမြတ်များဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သိရှိလိုသည်များကို မေးမြန်းခဲ့မှုအပေါ် ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၇) ကြိမ်မြောက် အာဆီယံ အရင်းအနှီး ဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

(၃၇) ကြိမ်မြောက် အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေးနှင့် ယင်းအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (37th ASEAN Capital Markets Forum – ACMF Chairs' Meeting and International Conference) ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာခေါင်းစဉ်များ အလိုက်ပါဝင်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(၃၇) ကြိမ်မြောက် အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် သဘာပတိအဖြစ် ကမ္ဘောဒီးယားနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ Mr. SOU Socheat ကလည်းကောင်း၊ ပူးတွဲသဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးအေဂျင်စီမှ Chief Executive Officer Mr. Inarno Djajadi ကလည်းကောင်း ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက် ကြီးကြပ်ရေးကော်မရှင်၊ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အစည်းအဝေး တက်ရောက်ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းအစည်းအဝေးတွင် အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်ဆိုင်ရာ အဆင့်မြင့်အရာရှိများ စွမ်းဆောင်ရည် ပိုမိုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပနိုင်ရေး၊ လုပ်ငန်းခွင်သင်တန်းများ အပြန်အလှန် စေလွှတ်နိုင်ရေး၊ နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှု စံနှုန်းအခြေခံများဖြစ်သော ဖွင့်ဟထုတ်ဖော်မှု စံနှုန်းများ သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အခြေအနေ၊ အာဆီယံအရင်းအနှီးဈေးကွက်တွင် ကျင့်သုံးနေသည့် အာဆီယံ ငွေချေးစာချုပ်စံနှုန်းများနှင့် သက်ဆိုင်သော ဦးစားပေးဆောင်ရွက်မည့် ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုဆွဲဆောင်မှု ရှိစေရန် စုပေါင်းရင်းနှီးမြှုပ်နှံမှု မူဘောင်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပိုမိုပါဝင်လာစေရေး ဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံ ဒေသတွင်း နိုင်ငံများရှိ စတော့အိပ်ချိန်းစာရင်းဝင် ကုမ္ပဏီများကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ချက် အရ အပြီးသတ်ရွေးချယ်ခြင်းခံရသည့် ကုမ္ပဏီများကို ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပမည့်ကိစ္စရပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အာဆီယံအရင်းအနှီး ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အာဆီယံဒေသတွင်း အရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးမှုတိုးမြှင့်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ ကြီးကြပ်ရေးအာဏာပိုင် ဒုတိယဥက္ကဋ္ဌ H.E. Mr. Ros Seilave၊ ကမ္ဘောဒီးယားနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် Mr. SOU Socheat နှင့် အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Winfried F. Wicklein တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး အာဆီယံအရင်းအနှီး ဖိုရမ်ဥက္ကဋ္ဌများ အစည်းအဝေးမှ သဘောတူညီခဲ့သည့် The ASEAN Sustainability–Linked Bond Standards ၊ The ASEAN Sustainable and Responsible Fund Standards၊ The ASEAN CIS Digital Repository နှင့် Legal Wrappers for the SDG Bond Toolkit တို့ကို အာဆီယံ ၁၀ နိုင်ငံမှ ကော်မရှင်အကြီးအကဲများက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြကြောင်းနှင့် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာမှ အရင်းအနှီး ဈေးကွက်ဆိုင်ရာ ပညာရှင်များနှင့် ဈေးကွက်ကျွမ်းကျင်သူများ ပါဝင်သော စားပွဲဝိုင်းဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုဖိုရမ်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် လုပ်ငန်းစဉ်များကို လာမည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်းနှင့် အာဆီယံ အရင်းအနှီးဈေးကွက်များဖိုရမ်သည် ဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေး အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူများ (Regulators) ၏ အဆင့်မြင့်ဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နှစ်စဉ်ပျမ်းမျှ ၁၄၀၉ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ပေးနိုင်မည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်မှု ၅၂ ဒသမ ၅၇ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် အောက်တိုဘာ ၃၀

**နိုင်ငံတော်တွင် ပေါကြွယ်ဝလျက်ရှိပြီး သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သည့် ရေအားရင်းမြစ်များမှ နိုင်ငံတော်နှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ လျာထားချက်အတိုင်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ၏ အင်ဂျင်နီယာစွမ်းရည်များကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျာက ပြောကြားသည်။**



အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်း၌ ပြင်ဦးလွင်မြို့နယ် အနီးစခန်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ် (၃) တည်ဆောက်ရေး ညွှန်ကြားရေးမှူးရုံးရှိ လုပ်ငန်းများစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ထိုသို့စစ်ဆေးစဉ် ညွှန်ကြားရေးမှူး ဦးနေလင်းက အမှတ် (၃) တည်ဆောက်ရေးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ တောင်ဘက် မိုင် ၂၀ ခန့်အကွာ မြစ်ငယ်မြစ်ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်တပ်ဆင်စွမ်းအား ၂၈၀ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ၁၄၀၉ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်ဖြစ်သည့် အထက်ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းအခြေအနေများ၊ နှစ်အလိုက် ဆောင်ရွက်မည့် အစီအစဉ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ရရှိသုံးစွဲမှု ၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းပြီးစီးမှု၊ စီမံကိန်းပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၂ ရွာမှ စုစုပေါင်း အိမ်ခြေ ၉၅၅ အိမ်၊ အိမ်ထောင်စု ၁၁၄၉ စု၊ လူဦးရေ ၄၀၃၃ ဦးထံသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးထားမှုကို ရှင်းလင်းတင်ပြပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ရဲရွာ ရေအား လျှပ်စစ်စီမံကိန်းသည် လက်ရှိအချိန်အထိ ပြီးစီးမှု ၅၂ ဒသမ ၅၇ ရာခိုင်နှုန်းရှိပြီဖြစ်၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားကြရန်၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အသိ၊ သတိရှိစွာ ဆောင်ရွက်ကြရန်၊ ကိုဗစ်–၁၉ စည်းကမ်းချက်များကို လိုက်နာကြရန်၊ ရုံးတွင်း/ပြင်နှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



# လဟယ်မြို့နယ်၌ ဆပ်ပြာရည်၊ ဆပ်ပြာခဲထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

**လဟယ် အောက်တိုဘာ ၃၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လုံခင်ကျေးရွာအုပ်စု ယွန်တိုင်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာရည်၊ ဆပ်ပြာခဲထုတ်လုပ်နည်း သင်တန်းကို ယနေ့ နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်း၊ ဆပ်ပြာမှုန့်ပြုလုပ်နည်း၊ သဘာဝရေချိုးဆပ်ပြာပြုလုပ်နည်း၊ ဆပ်ပြာခဲပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်း ထံမှ သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

# တောင်ကိုရီးယားနိုင်ငံ ဟော်လိုဝင်းပွဲတွင် လူအစုလိုက်အပြုံလိုက်တိုးဝှေ့မှုကြောင့် ၁၅၃ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွား

**ဆိုးလ် အောက်တိုဘာ ၃၀** – တောင်ကိုရီးယားနိုင်ငံ အီထယ်ဝန်ခရိုင်တွင် အောက်တိုဘာ ၂၉ ရက် ညပိုင်းက လူအစုလိုက်အပြုံလိုက် တိုးမှုဖြစ်ပွားပြီးနောက် ၁၅၃ ဦးထက် မနည်း သေဆုံးကာ ၁၃၃ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောသည်။ သေဆုံးသူအများစုမှာ ဆယ်ကျော်သက်များနှင့် အသက် ၂၀ အရွယ်များဖြစ်ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုမှာ အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် ကျဉ်းမြောင်းသော ဆင်ခြေလျှောလမ်းကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လူငယ်အများအပြားမှာ ဟော်လိုဝင်းပွဲဆင်နွှဲရန် အဆိုပါနေရာသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများအနက် ၁၉ ဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ဒေသခံမီးသတ်ဌာနက ပြောကြားသည်။

တောင်ကိုရီးယားအစိုးရသည် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးပြီးနောက် သုံးနှစ်အတွင်း ဆိုးလ်မြို့တွင် ပထမဆုံး ပြင်ပအခမ်းအနားပြုလုပ်သည့် ဟော်လိုဝင်းပွဲဖြစ်သည်။ ဒေသဆိုင်ရာ မီဒီယာများက အောက်တိုဘာ ၂၉ ရက်ညတွင် အီထယ်ဝန်ခရိုင်၌ လူပေါင်း တစ်သိန်းခန့် စုဝေးခဲ့ကြသည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားနိုင်ငံ အီထယ်ဝန်ခရိုင်၌ လူအစုလိုက်အပြုံလိုက် တိုးဝှေ့မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

## အင်ဒိုနီးရှား၌ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးသို့ သမ္မတဂျိုးဘိုင်ဒင် တက်ရောက်မည်

**ဝါရှင်တန် အောက်တိုဘာ ၃၀** – နိုဝင်ဘာလ လယ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် တက်ရောက်မည်ဟု အိမ်ဖြူတော်မှ ပြောသည်။ အောက်တိုဘာ ၂၉ ရက်တွင်ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ဘာလီတွင်ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးသို့ အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင် တက်ရောက်မည်ဟု သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ခရီးစဉ်ပထမအစတွင် အီဂျစ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်၌ အီဂျစ်နိုင်ငံ၌ ကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတု ညီလာခံ စီအိုပီ ၂၇ သို့ အမေရိကန်သမ္မတ တက်ရောက်မည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ အမေရိကန်က သိသာထင်ရှားစွာ လုပ်ဆောင်လျက်ရှိပြီး တစ်ကမ္ဘာလုံးကလည်း အရေးတယူလုပ်ဆောင်ကြရန် လိုအပ်သည်ကို မီးမောင်းထိုးပြသွားမည်ဖြစ်သည်။

ထို့နောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အမေရိကန်–အာဆီယံ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ခရီးစဉ်အပြီး နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အာရှ–ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဒုတိယသမ္မတ ကင်မီလာဟားရစ်သည် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဟု အိမ်ဖြူတော်မှ ပြောသည်။

**အင်န်အိတ်ချ်ကေ**

## မွန်ဂိုလီးယား၌ နှင်းမုန်တိုင်းအတွက် သတိပေးချက်ထုတ်ပြန်

**အူလန်ဘာတာ အောက်တိုဘာ ၃၀** – မွန်ဂိုလီးယားနိုင်ငံ မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေး အမျိုးသားအေဂျင်စီက အောက်တိုဘာ ၃၀ ရက်တွင် နှင်းထူထပ်စွာကျရောက်ခြင်းနှင့် နှင်းမုန်တိုင်းတိုက်ခတ်ခြင်း သတိပေးချက်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းအထိ ဘေယန်–အူဂီ၊ အပ်စ်နှင့် ဂိုဘီ–အက်တီစသည့် အနောက်ပိုင်း ပြည်နယ်များ၊ ခူအပ်စ်ဂူလ်၊ ဆီလင်ဂီ စသည့်မြောက်ပိုင်းပြည်နယ်များ၊ တုဗ်ပြည်နယ် အလယ်ပိုင်းဒေသများနှင့် နိုင်ငံ၏မြို့တော် အူလန်ဘာတာတို့တွင် နှင်းထု ၁–၂၀ စင်တီမီတာရှိကြောင်း မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ပြောသည်။

မတည်ငြိမ်သောရာသီဥတုသည် လာမည့်ရက်များအတွင်း နိုင်ငံတစ်ဝန်း၌ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်းနှင့် ဖြစ်နိုင်ဖွယ်ရှိသော သဘာဝဘေးအန္တရာယ်ကို အထူးသတိပြုကြရန် ပြည်သူများကို တိုက်တွန်းထားသည်။

**ဆင်ဟွာ**



## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၂၄၀ စစ်ဆေးတွေ့ရှိ

**စင်ကာပူ အောက်တိုဘာ ၃၀**

စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၃၀ ရက်တွင် ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၂၄၀ စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၀၉၉၇၆၀ အထိ ရှိလာပြီဖြစ်သည်။

ထပ်မံကူးစက်ခံရသူများအနက် ၄၀၀ မှာ ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၂၈၄၀ မှာ အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းအချက်အလက်အရ သိရသည်။

ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၄၀၀ အနက် ၃၈၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၅ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်သည်။ အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၂၈၄၀ အနက် ၂၆၅၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၈၁ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်သည်။

စင်ကာပူနိုင်ငံ၌ လတ်တလော ဆေးရုံတက်ရောက်ကုသမှု ခံယူနေရသူ စုစုပေါင်း ၅၂၂ ဦးရှိကြောင်းနှင့် အောက်တိုဘာ ၃၀ ရက်တွင် ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဆိုမာလီယာနိုင်ငံ၌ ကားဗုံးနှစ်လုံး ပေါက်ကွဲ၊ လူ ၁၀၀ သေဆုံး

၂၀၁၇ ခုနှစ်ကလည်း အဆိုပါနေရာ၌ အလားတူပေါက်ကွဲမှုမျိုးဖြစ်ပွားပြီး လူ ၅၈၇ ဦး သေဆုံးခဲ့



ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးမှု အပိုင်းအစများကို တွေ့ရစဉ်။

**မိုဂါဒစ်ရှူး အောက်တိုဘာ ၃၀** – ဆိုမာလီယာနိုင်ငံ၌ အောက်တိုဘာ ၂၉ ရက်က ပညာရေးဝန်ကြီးရုံး အဆောက်အအုံကို ပစ်မှတ်ထားကာ ကားဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ကားဗုံး ပေါက်ကွဲမှုကြောင့် လူ ၁၀၀ ထက်မနည်း သေဆုံးပြီး ၃၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အောက်တိုဘာ ၃၀ ရက်တွင် ဆိုမာလီယာသမ္မတ ဟာဆန်ရှိတ်မိုဟာမက် က ပြောသည်။

### သေဆုံးသူအရေအတွက် ဆက်လက်တိုးလာနိုင်

အခင်းဖြစ်ပွားရာနေရာသို့ အောက်တိုဘာ ၃၀ ရက် အစောပိုင်းက သမ္မတ ဟာဆန်ရှိတ်မိုဟာမက် သွားရောက်ခဲ့ပြီးနောက် သေဆုံးသူအရေအတွက် ဆက်လက်တိုးလာနိုင်ကြောင်း ပြောသည်။ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသောယာဉ် တစ်စီးသည် လူစည်ကားရာ လမ်းဆုံတွင်ရှိသော ပညာရေးဝန်ကြီးရုံး အဆောက်အအုံကို အရှိန်ပြင်းပြင်းဖြင့် ဝင်ရောက်ပြီးနောက် သေနတ်သံ၊ ပေါက်ကွဲသံများ ထွက်ပေါ်လာကြောင်း၊ မကြာမီတွင် အဆိုပါနေရာ၌ အလားတူပေါက်ကွဲမှုမျိုး ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

### အရှိန်မြှင့်တုံ့ပြန်သွားမည်

ထိုဗုံးပေါက်ကွဲမှုဖြစ်ပွားရာအနီးတွင် အစိုးရရုံးများ၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များရှိသည်ဟု ဆိုသည်။ ဆိုမာလီယာနိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် အကြမ်းဖက်သောင်းကျန်းသူများကို အရှိန်မြှင့်တုံ့ပြန်သွားမည် ဖြစ်ကြောင်း သမ္မတ ဟာဆန်ရှိတ်မိုဟာမက် ကတိပြုခဲ့သည်။

### လူပေါင်း ၅၈၇ ဦး သေဆုံးခဲ့

၂၀၁၇ ခုနှစ် အောက်တိုဘာလက ဖောက်ခွဲရေး ပစ္စည်းများတင်ဆောင်လာသော ထရပ်ကားတစ်စီး ပေါက်ကွဲမှုကြောင့် လူပေါင်း ၅၈၇ ဦး သေဆုံးခဲ့သည့် နေရာနှင့် ယခု ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာသည် တစ်နေရာတည်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**


ဇမ်ဘီယာနိုင်ငံမှ စက်ဘီးတက္ကစီသမားများကို တွေ့ရစဉ်။

# စက်ဘီးတက္ကစီလုပ်ငန်းက ဇမ်ဘီယာလူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းဖြစ်လာ

*နှင်းမိုးအိမ်*

ဇမ်ဘီယာနိုင်ငံအရှေ့ပိုင်းမှာ တည်ရှိတဲ့ ပက်တော့ကီ ခရိုင်လေးကို ခရီးသွားပြီး စက်ဘီးတက္ကစီ မစီးခဲ့ဘူးဆိုရင်တော့ ခရီးသွားတဲ့အတွေ့အကြုံ မပြည့်စုံဘူးလို့ ပြောရမှာပါပဲ။ အခုအခါမှာတော့ အဆိုပါ ခရိုင်အတွင်းမှာ စက်ဘီးတက္ကစီလုပ်ငန်းဟာ လတ်တလောခေတ်စားနေတဲ့ ဝင်ငွေရလုပ်ငန်းဖြစ်လို့ နေပါတယ်။

**ပိုမိုသက်သာတဲ့ သယ်ယူပို့ဆောင်ရေး နည်းလမ်း**

ဒေသတွင်းတစ်နေရာကနေ တစ်နေရာကို ကုန်ပစ္စည်းတွေသယ်ဆောင်ရာမှာပဲဖြစ်ဖြစ်၊ လူကိုတင်ဆောင်ရာမှာပဲဖြစ်ဖြစ် စက်ဘီးတွေကို တက္ကစီသဖွယ် အသုံးပြုနေကြပါတယ်။ ပက်တော့ကီ ခရိုင်မှာ စက်ဘီးတက္ကစီလုပ်ငန်း ဖော်ဆောင်နေတာဟာဆိုရင် ကမ္ဘာ့အခြားနေရာတွေမှာလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချစေဖို့အတွက် လုပ်ဆောင်နေတာတော့ မဟုတ်ပါဘူး။ အဲဒီဒေသမှာနေထိုင်တဲ့ ဒေသခံတွေဟာ ငွေရေးကြေးရေး ချို့တဲ့သူများတဲ့အတွက်ကြောင့် ပိုမိုသက်သာတဲ့ သယ်ယူပို့ဆောင်ရေးနည်းလမ်းကို ရှာဖွေလိုက်ကြတာပဲဖြစ်ပါတယ်။

**ပိုပြီးသက်သာစေ**

ပုံမှန် ကားတက္ကစီငှားစီးတာထက်စာရင် စက်ဘီးငှားစီးလိုက်တာက ပုံမှန်ဈေးထက် လေးငါးဆလောက်ပိုပြီး သက်သာစေတာကတော့ အမှန်ပါပဲ။ ဈေးနှုန်းဟာဆိုရင်လည်း အမေရိကန်ဒေါ်လာတစ်ဒေါ်လာတောင် မရှိပါဘူး။ ၀ ဒသမ ၁၉ ဒေါ်လာပဲ ကျသင့်မှာ ဖြစ်ပါတယ်။ စက်ဘီးစီးပြီး သယ်ယူပို့ဆောင်ရေးလုပ်ပေးတဲ့ လူငယ်တွေအတွက်လည်း တစ်နေ့ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဒေါ်လာဝန်းကျင် ဝင်ငွေရရှိစေမှာပဲ ဖြစ်ပါတယ်။ အလုပ်ကိစ္စပဲဖြစ်ဖြစ်၊ အခြားကိစ္စအတွက်ပဲဖြစ်ဖြစ် အခုတော့ စက်ဘီး တက္ကစီကို စီးဖြစ်တော့တယ်လို့ အသက် ၂၈ နှစ်အရွယ် ဆာရာ ညီရန်ဒါက ပြောပါတယ်။

**ချွေတာရာရောက်**

ကုန်ကျစရိတ်ကို အများကြီး ချွေတာရာလည်း ရောက်တယ်လို့ သူက ဆက်ပြောပါတယ်။ စက်ဘီးနဲ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ဆောင်နေတဲ့ ဂျစ်နက်ဆစ်ဇူလူကတော့ ဒီအလုပ်ကို လုပ်ကိုင်နေတာ တစ်နှစ်ကြာပြီဖြစ်ပြီး စက်ဘီးစီးသမားတွေ အများကြီးပေါ်ထွက်လာတဲ့အတွက် ခရိုင်အတွင်းက ဆင်းရဲတွင်းနက်နေတဲ့ လူငယ်တွေအတွက်လည်း အသက်ရှုချောင်စရာလမ်းတစ်ခု ဖြစ်လာတယ်လို့ ဆက်ပြောပါတယ်။

**အိမ်စရိတ်သက်သာစေ**

ဒီလုပ်ငန်းကို လုပ်ကိုင်မယ်ဆိုရင် အနည်းနဲ့အများတော့ အိမ်စရိတ်သက်သာစေမှာ အမှန်ပါပဲ။ လိုအပ်တာတွေလည်းဝယ်နိုင်လာတယ်လို့ သူက ဆက်ပြောပါတယ်။ တချို့ဆိုရင် ဝင်ငွေကောင်းလာတဲ့အတွက် အခြားအလုပ်တောင် ပြောင်းမရှာတော့ဘူးလို့ ဇူလူက ပြောပါတယ်။ "စက်ဘီးနဲ့ သယ်ယူပို့ဆောင်တာတွေ ခေတ်စားလာတာဟာဆိုရင် ချိပတာမြို့ကစပါတယ်၊ ဇမ်ဘီယာ အရှေ့ပိုင်းပြည်နယ်က မြို့လေးတစ်မြို့ပေါ့။ အဲဒီကနေမှ တစ်ဆင့် အခြားနေရာတွေဆီ ပျံ့နှံ့သွားတာပါပဲ" လို့ သူက ရှင်းပြပါတယ်။

**စက်ဘီးငှားရမ်းပေး**

ပက်တော့ကီ ခရိုင်လေးမှာဆိုရင် စက်ဘီးဆိုတာ အလွယ်တကူဝယ်လို့ရတဲ့ ပစ္စည်းဖြစ်ပေမယ့် အချို့လူငယ်တွေဆိုရင် စက်ဘီးတစ်စီးဝယ်ဖို့တောင် မတတ်နိုင်ကြပါဘူး။ ဒီလိုမျိုးအခြေအနေမျိုးနဲ့ကြုံတွေ့နေရတဲ့ လူငယ်လေးတွေကို ကူညီဖို့အတွက် စက်ဘီးဆိုင်တွေနဲ့ကုန်သည်တွေက အချိန်ကာလတစ်ခုအထိ စက်ဘီးငှားရမ်းပေးတာတွေ လုပ်ဆောင်ပေးပါတယ်။ နောက်မှ တဖြည်းဖြည်းချင်း စက်ဘီးတန်ဖိုးကို ပြန်ယူပါတယ်။

**အထောက်အကူပြု**

အသက် ၂၇ နှစ်အရွယ် အန်လန်ဆာကာလာကတော့ စက်ဘီးတက္ကစီဆွဲတဲ့အလုပ်ကို လုပ်ကိုင်နေတာ ၁၀ လ ခန့်ရှိပြီဖြစ်ပြီး ဒီလုပ်ငန်းဟာဆိုရင် သူတို့ဒေသကလူငယ်လေးတွေ ဝင်ငွေရဖို့ တကယ်ပဲ အထောက်အကူပြုတယ်လို့ ပြောပါတယ်။ ယင်းဒေသကခေါင်းဆောင်တွေကတော့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ စက်ဘီးတွေကို အသုံးပြုခြင်းဖြင့် လူငယ်တော်တော်များများအတွက် အလုပ်ရသွားသလို သဘာဝပတ်ဝန်းကျင် အစီအစဉ်အတွက်လည်း အသိပညာမြှင့်တင်ပေးရာရောက်တယ်လို့ ပြောပါတယ်။

**ဝင်ငွေရစေတဲ့အလုပ်**

သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ စက်ဘီးကို အသုံးပြုတဲ့ဒေသတွေမှာဆိုရင် လေထုသန့်စင်မှုလည်း ပိုမိုအားကောင်းတယ်လို့ လေ့လာမှုတွေ အရဖော်ပြလျက်ရှိပါတယ်။ စက်ဘီးတွေဟာဆိုရင် မော်တော်ကားတွေ နေရာယူသလောက်လည်း နေရာပေးစရာမလိုပါဘူး။ ကားပါကင်အတွက်လည်း နေရာပေးစရာမလိုကြောင်း မြို့ကောင်စီဝန်တစ်ဦးဖြစ်သူ ဂျီအိုဖရီဒါကာက ပြောပါတယ်။ ကားတွေကျပ်နေတာမျိုး မဖြစ်တော့တဲ့အတွက် လူတွေလည်း သက်သက်သာသာ ချောင်ချောင်ချိချိ သွားလာနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းအတွက် ကြိုးစားရှာဖွေနေရတဲ့ ပက်တော့ကီခရိုင်က လူငယ်လေးတွေအတွက်တော့ စက်ဘီးတက္ကစီလုပ်ငန်းဟာ ဝင်ငွေရတဲ့အလုပ် ဖြစ်လာတာကတော့ အမှန်ပါပဲ။ ။

ကိုးကား - ဆင်ဟွာ

**စက်ဘီးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ဆောင်နေတဲ့ ဂျစ်နက်ဆစ်ဇူလူကတော့ ဒီအလုပ်ကို လုပ်ကိုင်နေတာ တစ်နှစ်ကြာပြီဖြစ်ပြီး စက်ဘီးစီးသမားတွေ အများကြီးပေါ်ထွက်လာတဲ့အတွက် ခရိုင်အတွင်းက ဆင်းရဲတွင်းနက်နေတဲ့ လူငယ်တွေအတွက်လည်း အသက်ရှုချောင်စရာ လမ်းတစ်ခု ဖြစ်လာတယ်လို့ ဆက်ပြောပါတယ်**



ဇမ်ဘီယာနိုင်ငံမြေပုံ။

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၃၀–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၀၂,၆၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၁,၆၂၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၅,၅၉၇) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉–၁၀–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၀၇,၈၃၇) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၆၈၈,၆၂၄) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၉–၁၀–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၀၇,၈၃၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၈၈,၆၂၄ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ ထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

### ၃၀ ၁၀- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၃၄၁၄၄၇ | ၉၆၈၅၈၀၀၃ | ၁၀၉၅၁၉၉ |
| ၂။ | အိန္ဒိယ | ၄၄၆၅၂၂၆၆ | ၄၄၁၀၄၉၃၃ | ၅၂၉၀၁၆ |
| ၃။ | ပြင်သစ် | ၃၆၇၉၃၁၆၁ | ၃၅၇၀၉၄၂၁ | ၁၅၆၈၃၂ |
| ၄။ | ဂျာမနီ | ၃၅၅၇၁၁၃၀ | ၃၃၈၂၁၄၀၀ | ၁၅၃၅၄၄ |
| ၅။ | ဘရာဇီး | ၃၄၈၆၅၂၁၈ | ၃၄၀၃၈၉၉၅ | ၆၈၈၀၄၃ |
| ၆။ | တောင်ကိုရီးယား | ၂၅၅၃၈၇၉၉ | ၂၄၉၉၆၆၁၈ | ၂၉၁၅၈ |
| ၇။ | ဗြိတိန် | ၂၃၈၉၈၄၈၉ | ၂၃၅၁၇၃၆၅ | ၁၉၃၆၇၃ |
| ၈။ | အီတလီ | ၂၃၅၃၁၀၂၃ | ၂၂၈၈၄၇၁၇ | ၁၇၉၁၀၁ |
| ၉။ | ဂျပန် | ၂၂၇၃၂၅၁ | ၂၀၄၉၄၅၇၀ | ၄၆၆၃၆ |
| ၁၀။ | ရုရှား | ၂၁၄၂၃၇၂၅ | ၂၀၇၉၆၁၂၄ | ၃၉၀၁၀၄ |

### ၃၀-၁၀- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၅၀၂၄၇၄ | ၂၀၆၀၂၉၉၆ | ၄၃၁၆၃ |
| အင်ဒိုနီးရှား | ၆၄၉၀၆၂၂ | ၆၃၀၇၄၈၁ | ၁၅၈၅၉၇ |
| မလေးရှား | ၄၈၉၆၉၂၂ | ၄၈၂၉၇၅၆ | ၃၆၄၆၄ |
| ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ဖိလစ်ပိုင် | ၄၀၀၃၄၅၉ | ၃၉၁၈၆၀၂ | ၆၄၀၃၃ |
| စင်ကာပူ | ၂၀၉၆၅၂၀ | ၂၀၀၇၈၇၇ | ၁၆၇၄ |
| မြန်မာ | ၆၃၁၆၂၅ | ၆၀၅၅၉၇ | ၁၉၄၈၂ |
| ဘရူနိုင်း | ၂၃၇၆၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၆၂၂၉ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၈၈ | ၁၃၄၉၂၃ | ၃၀၅၆ |

# ထိန်းသိမ်းသင့်သော မြေအောက်ရေ

*တင်ထက်ထက်ဇော်*

**ကမ္ဘာကြီးတွင် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှစ်စဉ် ဩဂုတ် ၂၃ မှ စက်တင်ဘာ ၁ ရက်အထိကို "ကမ္ဘာ့ရေ ရက်သတ္တပတ်" အဖြစ် သတ်မှတ်ထားပါသည်။ ကမ္ဘာကြီး၏ ရေအရင်းအမြစ်များကို မီးမောင်းထိုးပြရန်နှင့် ရေလျော့နည်းကျဆင်းမှုကို သတိပြုမိစေရန်အတွက် ယခုနှစ်ဆောင်ပုဒ်တွင် "မြေအောက်ရေ" ကို အဓိက ဖော်ညွှန်းထားပါသည်။**

မြေအောက်ရေဆိုသည်မှာ မြေမျက်နှာပြင်အောက် မြေလွှာရှိ သဲ၊ ကျောက်စရစ် အတွင်း၌သော်လည်းကောင်း၊ ကျောက်လွှာကြားများ အတွင်း၌သော်လည်းကောင်း စိမ့်ဝင်ခိုအောင်းနေသော ရေဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်း ရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါသည်။ သို့သော် လူဦးရေ တိုးပွားလာမှု၊ မြို့ပြဖွံ့ဖြိုးလာမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများက ရေလိုအပ်ချက်ကို ပိုမိုမြင့်မားလာစေသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များကို တဖြည်းဖြည်း ကုန်ခန်းလာစေသည်။ အထူးသဖြင့် မြို့ပြဒေသများ၌ မြေအောက်ရေကို အတိုင်းအဆမရှိ ထုတ်ယူနေမှုသည် အနာဂတ်အတွက် ကြီးမားသည့် အန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။



အပြည်ပြည်ဆိုင်ရာ မြေအောက်ရေ အရင်းအမြစ်များ လေ့လာသုံးသပ်မှုဗဟိုအဖွဲ့ (IGRAC)၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် နှစ်စဉ် မြေအောက်ရေပမာဏကို သောက်သုံးရေအတွက် ၆၈ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍအတွက် ကိုးရာခိုင်နှုန်းနှင့် စိုက်ပျိုးရေပေးသွင်းမှုအတွက် ၂၃ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။ လူဦးရေ ခုနစ်သန်းနီးပါး နေထိုင်သော ရန်ကုန်မြို့နေပြည်သူ အများစုသည် မြေအောက်ရေ (သို့မဟုတ်) အဝီစိတွင်းရေကိုသာ အသုံးပြုလျက်ရှိသဖြင့် မြေအောက်ရေကို အလွန်အကျွံသုံးစွဲခြင်းသည် ရေရှည်တွင် ရေအရင်းအမြစ်ဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါမည်။

### သက်ရှိအားလုံးတို့အတွက် အရေးပါသော ရေ

ရေတွင် အာဟာရနှင့် ကယ်လိုရီမပါသော်လည်း သန့်ရှင်းဘေးကင်းသော ရေသည် လူသားများ၊ တိရစ္ဆာန်များ သက်ရှိအားလုံးတို့အတွက် အလွန်အရေးပါလှသည်။ ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ နေ့တစ်နေ့ဆောင်ပုဒ်တွင် "ဘဝအတွက် ရေ" ဟု သတ်မှတ်ထားကြောင်း လေ့လာသိရပါသည်။ ယနေ့အထိ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာမဖူလုံသော လူသားများရှိနေသလို သန့်ရှင်းသောသောက်သုံးရေမရသည့် နိုင်ငံနှင့် လူသားများ ရှိနေဆဲဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်ထဲတွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေကို အခြေခံသော ရောဂါများကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ပညာရှင်များက သုံးသပ်ထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်မှာ လူဦးရေ သန်းပေါင်း ၃၅၀၀ ခန့် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြိုတင်ခန့်မှန်းထားသည်။

ထို့ပြင် နှစ်စဉ် မတ် ၂၂ ရက်ကို "ကမ္ဘာ့ရေ သယံဇာတနေ့ @ World Water Day" အဖြစ် The United Nation General Assembly ကကြီးမှူး၍ ၁၉၉၃ ခုနှစ်တွင် စတင်သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်းတွင် ကျင်းပလာခဲ့ကြသည်။ ထိုသို့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ ရေသယံဇာတ ထိန်းသိမ်းရန်၊ ရေအခက်မကြုံစေရန်၊ ရေကို စနစ်တကျသုံးစွဲကြရန်၊ လုံခြုံဘေးကင်းသည့် ရေ၊ ကောင်းမွန်သည့်ရေနှင့် သန့်ရှင်းမှုစနစ်တို့ကို လက်လှမ်းမမီဘဲ ကျန်ရှိခဲ့သူ များစွာအတွက် အကြောင်းအရင်းများ အလေးထားရှာဖွေ ဖြေရှင်းပေးကြရန်နှင့် ရေသယံဇာတ၏ အရေးပါမှုကို ဂရုပြုလာကြစေရန် ဖြစ်သည်။ ယခု ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ရေသယံဇာတနေ့၏ ဆောင်ပုဒ်မှာလည်း "မြေအောက်ရေ" ဖြစ်ပါသည်။

ဖော်ပြပါ ကမ္ဘာ့ရေ သယံဇာတနေ့ မတိုင်ခင်မှာလည်း နှစ်စဉ် မတ် ၁၄ ရက်ကို "နိုင်ငံတကာ မြစ်ချောင်း၊ အင်းအိုင်များနေ့" ဟု သတ်မှတ် ကျင်းပကြပါသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့် သဘာဝရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ကျင်းပလေ့ရှိပါသည်။

### အရေးပါသော ရေသယံဇာတ

ရေချိုသည် လူနှင့် တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက် မရှိမဖြစ် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထို့အတူ ရေသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေတစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများ ရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်ဖြင့် အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၈ – ၂၀၂၈ ခုနှစ်အထိကို ရေသယံဇာတဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထားပါသည်။

ရေချိုရှားပါးရခြင်း၏ အကြောင်းရင်းများတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာပြီး ကမ္ဘာကြီး ပူနွေးလာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးလာခြင်း၊ ရှိရင်းစွဲ ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမထားနိုင်ခြင်း၊ မြို့ပြများတွင် ရေဆိုးများစွန့်ပစ်မှု စနစ်တကျ မပြုလုပ်ခြင်း၊ မိလ္လာစနစ်များ စနစ်မကျခြင်း၊ အမှိုက်များကို မဆင်မခြင် စွန့်ပစ်ခြင်း၊ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ရေချိုအရင်းအမြစ် ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းတို့က အဓိကကျသည်။ ထို့ကြောင့် နှစ်စဉ် ရွာသွန်းသည့် မိုးရေကို သိုလှောင်ထိန်းသိမ်းခြင်း၊ မြေအောက်ရေ စိမ့်ဝင်နိုင်ရေးအတွက် သစ်ပင်သစ်တောများ ပြုစုပျိုးထောင်ခြင်း၊ မြို့ပြများတွင် ရေစိမ့်ဝင်နိုင်မည့် ဧရိယာများနှင့် ရေကန်များ ဖန်တီးတည်ဆောက်ခြင်း၊ အမှိုက်၊ ရေဆိုးနှင့် မိလ္လာစွန့်ပစ်မှုများ စနစ်တကျ တည်ထောင်ခြင်း စသည့်နည်းလမ်းများ ရေသယံဇာတထိန်းသိမ်းရေး ဆောင်ရွက်မှုများဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်တုံ့ပြန်နိုင်ကြပေလိမ့်မည်။

### အဖိုးတန်ရေချိုကို ချွေတာကြစေလို

လူတစ်ဦး တစ်နေ့လျှင် ရေချိုရရှိမှု ၁၆၄ ကုဗပေအောက် လျော့နည်းနေပါက ရေချိုရှားပါးမှု ခံစားနေရခြင်း ဖြစ်သည်ဟုဆိုရာ မြန်မာ့အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံက ၃၂၀ ကုဗပေ၊ အိန္ဒိယနိုင်ငံက ၁၅၆ ကုဗပေ ရရှိနေပြီး မြန်မာနိုင်ငံက ၁၀၃၂ ကုဗပေ ရရှိနေပါသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် စသည့်မြစ်ကြီးများနှင့် ရေချိုမြစ်ချောင်းအင်းအိုင်တို့ ပေါများစွာရှိသည့်အတွက် ရေသယံဇာတ ကြွယ်ဝသည့် နိုင်ငံဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ရေချိုထုတ်ယူရရှိနိုင်မှုမှာ ကမ္ဘာ့အဆင့် (၈) တွင် ရှိနေပြီး မြို့ပြတွင် နေထိုင်သူများက တစ်နေ့လျှင် ရေဂါလန် ၃၀ ခန့်နှင့် ကျေးလက်တွင် နေထိုင်သူများက တစ်နေ့လျှင် ရေ ၁၅ ဂါလန်ခန့် သုံးစွဲနေကြကြောင်း လေ့လာသူတို့က ဆိုပါသည်။

သို့သော် အဆိုပါ ရေချိုသယံဇာတများကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သကဲ့သို့ သိရှိနားလည်မှုနှင့် လက်တွေ့ထိန်းသိမ်းစောင့်ရှောက်မှုတို့ လွန်စွာနည်းပါးနေသည်။ ရွှေ၊ သတ္တု၊ ကျောက်မျက် စသည်တို့ တူးဖော်ထုတ်ယူမှုများ၊ ကျောက်စရစ်နှင့် သဲထုတ်ယူမှုများ စသည်တို့ကြောင့် မြစ်ချောင်းများ ရေစီးရေလာ ပိတ်ဆို့ပျက်စီးခြင်း၊ သောက်သုံးရေ မရှိနိုင်တော့ခြင်း၊ မာကျူရီ၊ ဆိုင်ယာနက် အစရှိသည့် ဓာတုပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ စက်မှုဇုန်များမှ ရေဆိုးများ စွန့်ထုတ်ခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း စသည်တို့ကြောင့် မြစ်ချောင်းအင်းအိုင် ရေချိုသယံဇာတများ မဆုံးရှုံးစေရန် လူတစ်ဦးချင်း အသိပညာပေးမှုမှ စတင်ကာ မြို့ရွာများ၊ ဒေသများအလိုက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမှသာ ရေရှည်တွင် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် သောကရောက်ရမည့်ဘေးမှ ကင်းဝေးနိုင်မည် ဖြစ်သည်။

အနီးစပ်ဆုံး ဥပမာပြရသော် ရန်ကုန်မြို့တော်သို့ ရေပေးဝေရာတွင် မြို့၏ မြောက်ဘက်တွင် တည်ဆောက်ထားသည့် ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား၊ ငမိုးရိပ် စသည့် ရေလှောင်ကန်ကြီးများမှ ရေချိုကို နေ့စဉ် ဂါလန်ပေါင်း ၁၈၅ သန်းခန့်နှင့် ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးဒေသများတွင် တူးဖော်ထားသည့် မြို့တော်စည်ပင်ပိုင် အဝီစိတွင်းပေါင်း ၅၀၀ ကျော်တို့မှ ရေဂါလန်သန်း ၂၀ ခန့်တို့ကို ဖြန့်ဝေပေးနေခြင်း ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တွင်းဖြန့်ဝေပေးနေသည့် ရေဂါလန် စုစုပေါင်း ၂၀၅ သန်းအနက် သန်း ၁၂၀ သာ သုံးစွဲသူထံ ရောက်ရှိပြီး ၈၅ သန်းမှာ ရေပိုက်များ ပျက်စီးခြင်း၊ ခိုးယူသုံးစွဲခြင်း စသည်တို့ကြောင့် လေလွင့် ပျောက်ဆုံးသွားသည်ဟု ဆိုသည်။ လက်ရှိရေ ဖြန့်ဝေနိုင်မှုသည် လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းခန့်သာရှိနေရာ ရန်ကုန်လူဦးရေ အားလုံးအတွက် ရာခိုင်နှုန်းပြည့် ရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်မှာ ရေအလေအလွင့် မရှိရန်၊ စည်းကမ်းတကျ သုံးစွဲရန်နှင့် အခွန်တာဝန် ကျေပွန်ကြရန် လွန်စွာ အရေးကြီးပါသည်။

### ကမ္ဘာလုံးဆိုင်ရာ ထိန်းသိမ်းသင့်သော မြေအောက်ရေ

ဥရောပ၊ အမေရိကနှင့် အာရှဒေသအချို့တွင် ဖြစ်ပေါ်နေသော ပြင်းထန်သည့် မိုးခေါင်မှုသည် တစ်စထက်တစ်စ ပိုမိုဆိုးရွားလာနေပါသည်။

- အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အလယ်ပိုင်းရှိ ခန်းခြောက်သွားသော မြစ်တစ်ခု၏ အောက်ခြေကြမ်းပြင်ပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၁၃ သန်းက ဒိုင်နိုဆောတစ်ကောင်၏ ခြေရာများကို တွေ့ရှိခဲ့ကြသည်။
- တရုတ်နိုင်ငံ ယန်စီမြစ်၏ မြစ်လက်တက် သုံးခုတွင် မိုးခေါင်ရေရှားမှုကြောင့် စီချွမ်ပြည်နယ်ရှိ ယူနက်စကို ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်တစ်ခုဖြစ်သည့် လဲ့ဆန်း ဗုဒ္ဓရုပ်ပွားတော်ကြီး၏ အောက်ခြေပိုင်း ပေါ်ထွက်လာခဲ့သည်အထိ ရေမျက်နှာပြင် နိမ့်ကျခဲ့သည်။
- ဗြိတိန်နိုင်ငံ၌လည်း မိုးခေါင်မှုကြောင့် သိမ်းစ်မြစ်၏ မြစ်ဖျားဒေသ မြစ်ရေ ခန်းခြောက်မှု ဖြစ်ပေါ်နေပါသည်။

*စာမျက်နှာ ၁၇ သို့*

**❝ ရေသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်ဖြင့် အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၈ - ၂၀၂၈ ခုနှစ်အထိကို ရေသယံဇာတဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထား❞**

# ပခုက္ကူမြို့၌ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်မှုသင်တန်းနှင့် လက်ရက်ကန်းသင်တန်းများ အခမဲ့ဖွင့်လှစ်သင်ကြား

**ပခုက္ကူ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ရိုးရာရက်ကန်းပညာရပ်များ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေအတွက် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှုသင်တန်းနှင့်လက်ရက်ကန်းသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ရိုးရာရက်ကန်းပညာကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊ ကျွမ်းကျင်သောအထည်အလိပ် အတတ်ပညာရှင်များ မွေးထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လသင်တန်းတို့ကို နှစ်စဉ်အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှုတစ်နှစ်သင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ စက်ရက်ကန်း၊ ဆေးဆိုး၊ လက်ရက်ကန်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်၊ အထည်ဒီဇိုင်း၊ အထည်သချ်ာ၊ စက်ချည်မျှင်ဆွဲ၊ အမျှင်ကုန်ကြမ်းဘာသာရပ်များနှင့် စက်ချုပ်နည်းပညာကို သင်တန်းသားသင်တန်းသူ ၁၈ ဦးအား နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးလျက်ရှိသည်။

ထို့အပြင် လက်ရက်ကန်း ခြောက်လသင်တန်းတွင် လက်ရက်ကန်း၊ ဆေးဆိုး၊ အထည်ဒီဇိုင်း၊ အထည် သချ်ာ၊ လက်ချည်မျှင်ဆွဲဘာသာရပ်များကို ဇန်နဝါရီ ၁ရက်မှ ဇွန်လကုန်အထိ(ပထမအကြိမ်) နှင့် ဇူလိုင် ၁ ရက်မှဒီဇင်ဘာလကုန်အထိ (ဒုတိယအကြိမ်)ဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယင်းသင်တန်းကို သင်တန်းသားသင်တန်းသူ ၁၀ ဦး တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်းများတွင် သင်တန်းတက်ရောက်သူများအနေဖြင့် အသက် ၁၆ နှစ်မှ ၂၈ နှစ်အတွင်း အိမ်ထောင်မရှိသူ ဖြစ်ရမည့်အပြင် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှုတစ်နှစ်သင်တန်း တက်ရောက်လိုသူများမှာ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်ဖြစ်ပြီး လက်ရက်ကန်းခြောက်လသင်တန်းတက်ရောက်လိုသူများမှာ အခြေခံပညာမူလတန်းအဆင့် အောင်ရမည်ဖြစ်သည်။ သင်တန်းတက်ရောက်စဉ်ကာလအတွင်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းရှိ အဆောင်၌ အခမဲ့နေထိုင်ခွင့်ပြုသည့်အပြင် ပညာသင်ထောက်ပံ့ကြေးတစ်လလျှင် ငွေကျပ်သုံးသောင်းထောက်ပံ့ပေးလျက်ရှိသည်။ ၎င်းအပြင် သင်တန်းတက်ရောက်ပြီးပါကနိုင်ငံတော်ပိုင် ပုဂ္ဂလိကပိုင် ချည်မျှင်နှင့် အထည်အလိပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်အထိ ကူညီပံ့ပိုးမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီး ဒေါ်သန္တာယုထံမှ သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး၌ သုံးခရိုင် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးရုံး၌ (အောင်မြေသာစံ၊ မဟာအောင်မြေ၊ အမရပူရ) သုံးခရိုင် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၈ ရက်က ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ၌ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီးနောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်းက အဖွဲ့လိုက်ဆုရရှိသူများကိုလည်းကောင်း ဆုများချီးမြှင့်ကာ မဟာအောင်မြေခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇင်ထက်က ပရဟိတအသင်းအဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးနောက် တိုင်းဦးစီးမှူးက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကျွမ်းကျင်နည်းပြများကိုယ်စား သင်တန်းနည်းပြတစ်ဦးအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# အင်ပူမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

**အင်ပူ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို တလိုင်းကွင်းကျေးရွာအုပ်စု သပြေတုန်းလဲကျေးရွာရှိတောင်သူဦးမြင့်နိုင်၏ လယ်မြေ၌ အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ရာ တစ်ဧကမှ စပါးအစိုတင်း ၁၃၉ ဒသမ ၇၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

စံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်သော်မြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ လာရောက်လေ့လာခဲ့သည်။ **မန်းကျော်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အထက်ဖော်ပြပါ ဖြစ်စဉ်များ၏ အကြောင်းရင်းများမှာ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဖြစ်သော မိုးခေါင်မှုမှတစ်ဆင့် ရေအရင်းအမြစ်များ ဆုံးရှုံးလာခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးတွင် ကမ္ဘာ့လူဦးရေ တိုးပွားနေခြင်း၊ လူမှုဘဝ ဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှု အားနည်းသော နိုင်ငံများ၌ ရေပြန်းတီးမှု များပြားလာခြင်း၊ ရေကို လိုအပ်သည်ထက် သုံးစွဲမှုပိုမို များပြားလာခြင်း၊ ဖွံ့ဖြိုးမှုအတွက် စက်ရုံ၊ အလုပ်ရုံများမှ ရေကို ပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်း လျော့ပါးလျက်ရှိနေပါသည်။

ထို့ပြင် ကမ္ဘာ့နေရာအနှံ့တွင် ရေရယူရန် အပြိုင်အဆိုင် ကြိုးပမ်းမှုများကြောင့် အုပ်စုအချင်းချင်း၊ နိုင်ငံအချင်းချင်း တင်းမာမှုများ၊ ပဋိပက္ခများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာ၌ မိမိတို့နိုင်ငံရှိ ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့် စီမံခန့်ခွဲမှုမှာ အရေးကြီးသည့် ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ရေသုံးစွဲမှုကို ချွေတာ၍ အလေအလွင့်ဖြစ်မှုကို ထိန်းသိမ်းရန် အထူးလိုအပ်နေကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း မြေအောက်ရေ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများအတိုင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ကြစေလိုပါသည်။ သို့မှသာ အတိုင်းအဆမရှိ ထုတ်ယူနေသော မြေအောက်ရေသယံဇာတများကို အချိန်မီ ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပေတော့သည်။





မြေအောက်ရေကို စက်ယန္တရားများဖြင့် တူးဖော်နေမှုကို တွေ့ရစဉ်။

အချုပ်အားဖြင့်ဆိုသော် မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် စားနပ်ရိက္ခာရရှိနိုင်ခြေနည်းပါးလာခြင်းတို့၏ အရင်းခံမှာ ရေအရင်းအမြစ်ပင် ဖြစ်ပါသည်။ ထို့ပြင် မြေအောက်ရေ (အဝီစိရေ)များ အလွန်အကျွံ ထုတ်ယူအသုံးပြုမှုကလည်း သတိပြုရမည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ မြေအောက်ရေကို အထိန်းအကွပ်မရှိ တူးဖော်သုံးစွဲမှုသည် မြေနိမ့်ကျခြင်း၊ ပင်လယ်နားနီးသည့် နေရာများ၌ ရေငန်ဝင်ရောက်ခြင်း၊ မြေအောက်ရေ မျက်နှာပြင်ကျဆင်းခြင်း၊ ဆောက်လုပ်ပြီးသား အဆောက်အအုံများ ပျက်စီးခြင်း စသည့်ဆိုးကျိုးများစွာတို့ကိုလည်း မလွဲမသွေ အနေးအမြန် ခံစားရနိုင်ပါကြောင်း ထပ်ဆင့်သတိပေးရင်း ယခုနှစ် ကမ္ဘာ့ရေ ရက်သတ္တပတ်အတွက် အဓိကဖော်ညွှန်းထားသည့် “မြေအောက်ရေ” အကြောင်းကို သတိပြုမိကြစေရန် ရည်ရွယ်ကာ ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၃၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မျိုးမင်းသန့်နှင့် ၎င်း၏ဇနီးဖြစ်သူ ဆိုင်းပန်တို့သည် ၎င်းတို့အသုံးပြုသည့် “Myo Min Than” Facebook အကောင့်၊ “Sai Pann” Facebook အကောင့် တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**



တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်း၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ထမင်းပေါင်းအိုးအလုံး ၁၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၅၀၀၀)နှင့် Door Lock ၆၅ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၇၅၀၀) ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၈၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က သဃ်န်းညီနောင်ကျေးရွာ၊ ချစ်ကြည်ရေး ဆီဆိုင်အနီးတွင် ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီ လီတာ ၉၆၀ အပါအဝင် ကုန်စည်လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၄၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ (တောင်ကြီးအထွက်)၊ နမ့်အောရွာအနီးတွင် ပိုင်ရှင်မဲ့စုပုံထားသော ပဒုမ္မာတံဆိပ် ဆပ်ပြာမှုန့် ၃၈၂ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၄၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး (ဝဲပုံ) အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းတော်မြို့၌ တရားမဝင် လိုင်စင်မဲ့ TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၉၉၀၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၇၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၈၄၁၉၂၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

*✲ ကျောဖုံးမှ*

အဖြစ် ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာ ၂၈ ရက်မှစ၍ MV MCL-7 ပင်လယ်ကူးသင်္ဘောဖြင့် တိုက်ရိုက်တင်ပို့ရန် ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် G to G သဘောတူစာချုပ် ချုပ်ဆိုထားပြီး ပုသိမ် စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်း တင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်မှစ၍ ညှော်မထဆန်(၅ မတ်) 50kg ဆန်အိတ် တန်ချိန် ၂၆၅၀ ကို စတင်၍ သင်္ဘောတင်နေခြင်းဖြစ်သည်။

“ပြည်ပကို ဆန်တင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေ ရရှိစေတဲ့အပြင် နိုင်ငံတော်နဲ့ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကနေ ပြည်ပကို ဆန်တိုက်ရိုက်တင်ပို့နိုင်တာဟာ တိုင်းဒေသကြီးရဲ့ အောင်မြင်မှု ပထမလှေကားထစ်တစ်ခုပါ။ ဒုတိယလှေကားထစ်တစ်ခုက နိုင်ငံတော်ကမျှော်မှန်းထားတဲ့ ပုသိမ်စက်မှုမြို့တော်ကနေ ကုန်သွယ်မှုလုပ်ငန်းတွေ မြန်ဆန် သွက်လက်ဖို့အတွက် ခြေလှမ်းသစ်တစ်ခုလည်း ဖြစ်လာပါတယ်။ ဆန်တင်ပို့နိုင်မှုဟာ တိုင်းဒေသကြီး အတွက်လည်း GDP တန်ဖိုးလည်း တက်လာစေပါတယ်။ မြန်မာနိုင်ငံရဲ့ စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော်ဖြစ်တဲ့ ပုသိမ်မြို့ကနေ ဆန်စပါးအပြင်ပဲ၊ ပြောင်း၊ နှမ်းကို တင်ပို့နိုင်ဖို့လည်း မျှော်မှန်းထားပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းညွှန်မှုမှာ ဟန်ချက်ညီညီနဲ့ ဆန်စပါးအသင်းအဖွဲ့တွေ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမှာပါ” ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်း က ပြောသည်။

ပုသိမ် စက်မှုမြို့တော်ဆိပ်ကမ်း( Ayeyarwaddy International Industrial Port AIIP)မှ ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာ ၃၁ ရက်အပြီး တင်ဆောင်ပြီးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ MV MCL-7 ကုန်တင်သင်္ဘော ထွက်ခွာမည်ဖြစ်ကာ ကုန်တင်သင်္ဘောများ တစ်စင်းဝင် တစ်စင်းထွက်စနစ်ဖြင့် ဆက်လက်ဝင်ရောက်နေမည်ဖြစ်သည်။

မြန်မာ့ဆန်ကို အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်ခြင်းဖြင့် ဆန်စပါးနှင့် ဆက်စပ်သောလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွန်းလာလျက်ရှိရာ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးနှင့် ဈေးကွက်စဉ်ဆက်မပြတ် တည်ရှိရေးအတွက် နိုင်ငံတော်၊ စိုက်ပျိုးတောင်သူ၊ လုပ်ငန်းရှင်နှင့် ဌာနဆိုင်ရာများ ဟန်ချက်ညီညီဖြင့် ဆက်လက်လှမ်းချီသွားရမည်သာ ဖြစ်ပေသည်။

**ညိမ်းသူ**

**ဓာတ်ပုံ – ကနူး**

## ဖျာပုံမြို့နယ်၌ စကားများရန်ဖြစ်စဉ် ဓားဖြင့်ခုတ်၍ အမျိုးသား တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အောက်တိုဘာ ၂၈ ရက်က စကားများရန်ဖြစ်စဉ် ဓားဖြင့်ခုတ်၍ အမျိုးသားတစ်ဦး သေဆုံးသွားသည်။

အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာအနီး ပင်လယ်ပြင်ရှိ ပြည့်ဖြိုးဦး ပိုင်ဆိုင်သည့် ကျားဖောင်ပေါ်၌ ကျားဖောင်အလုပ်သမားများဖြစ်သည့် ညောင်တုန်းမြို့နယ် ဝမ်းတရိုးကျေးရွာနေ မင်းနောင်(၃၅ နှစ်) နှင့် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာနေ ကျော်ကျော်(၄၅ နှစ်)တို့ နှစ်ဦးသည် အချင်းချင်း စကားများရန်ဖြစ်စဉ် မင်းနောင်က ကျော်ကျော်အား အရှည် နှစ်ပေခန့်ရှိ ကပ်ပါးဓားဖြင့် ခုတ်ခဲ့သဖြင့် ကျော်ကျော်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းနောင်အား ဒေါ်ညိမ်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၀-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "စစ်မီးငြိမ်းချိန်တန်ပါပြီ"
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ "မျိုးကောင်းမျိုးသန့် စိုက်ပျိုးအထွက်တိုးမယ့်ရွှေနေကြာ"
**၀၉:၄၅** ပျော်ရွှင်မှုတို့စုဝေးရာ...ပျော်ရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review (5)
**၁၁:၃၀** ဘဝနှင့်အနုပညာ "အကယ်ဒမီခင်သီတာထွန်း"(အပိုင်း-၃)
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး"(အပိုင်း-၆)
**၁၃:၃၀** MRTV National News
**၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း "ကိုင်းထိုး"
**၁၄:၄၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အကြိုဗိုလ်လုပွဲ)(ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း)
**၁၇:၁၅** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၀** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း "တစ်ပါးသီလ"

**mitv**

**07:01** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
**07:09** Ecotourism: The Famous Zalon Mountain
**07:24** The Golden Triangle
**07:38** Myanmar Delicate Artistic Creations - Gem Stone Painting
**07:56** Inn-Waing Waterfall
**08:01** News
**08:27** ASEAN Women Entrepreneurship: Malaysia
**08:38** Myanmar Childhood Games (Episode-1)
**08:46** Beauties Of Makyee Island - Island Of Tamarind Tree
**09:01** Myanma Agarwood
**09:16** Rakhine Traditional Wedding Ceremony
**09:30** Discovering Tribes: Kanan their life and customs (Part-II)
**09:53** Traditional Myanmar Lanterns
**10:01** News
**10:26** Topical Topics
**10:35** Choral Dance (Three Duets)

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၁)
**ချင်း(လိုင်စိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)
**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သွားဝါခြင်းအကြောင်းသိကောင်းစရာ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့
**"ဝ" (၁၅:၀၀)မှ(၁၇:၀၀)ထိ**
"ဝ"ရိုးရာဝတ်စုံချုပ်နည်း
**ကချင် (၁၇:၀၀)မှ (၁၉:၀၀)ထိ**
ကချင်ရိုးရာတူရိယာများအကြောင်း
**ကယား(၁၉:၀၀)မှ(၂၁:၀၀) ထိ**
ကေတုမတီတောင်ငူမြို့သို့အလည်တစ်ခေါက် (အပိုင်း-၁)
**ဝကေကရင် (၂၁:၀၀)မှ (၂၂:၀၀)ထိ**
အမဲသားတုတ်ထိုး
**အနောက်ပိုးကရင်(၂၂:၀၀)မှ(၂၃:၀၀)ထိ**
မသန်သော်လည်းစွမ်းတဲ့သူ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၈:၄၅** " ASEAN Information Exchange Initiative 2022 " (Part- 11) (ဘရူနိုင်း(၁)၊မလေးရှား၊မြန်မာ၊ထိုင်း)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၀:၁၅** တားဆီးကာကွယ်မီဒီယာအဆိပ်သင့်မှုအန္တရာယ်
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "မကောင်းဆိုးဝါး"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်းအပိုင်း-၅
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "ဗီရှိုးသမ္မတနိုင်ငံ"
**၁၁:၃၀** "အတွေးအမြင်"အပိုင်း-၅

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၄၅** လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
**၀၇:၀၀** "စိုက်ပျိုးမွေးမြူသုတဘဏ်"
**၀၇:၅၀** အဖြေရှာပါ၊ ရှက်ဖုံးဝေဒနာ
**၀၈:၁၅** တောင်သူများအတွက်နည်းပညာဖြန့်ဝေရာ မကွေးစိုက်သုခြံမှာ
**၀၉:၂၀** ကောင်းကျိုးဝေဖြာပေါင်းစည်းလယ်ယာ
**၀၉:၄၅** ကျန်းမာပျော်ရွှင်စွာနေထိုင်ဖို့ သဘာဝပိုးသတ်ဆေးသုံးစွဲစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၁၄:၄၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (အကြိုဗိုလ်လုပွဲ)(ကချင်ပြည်နယ်အသင်း နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း)
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အခြေခံပညာထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်က အ.ထ.က(၁၄) နေပြည်တော်တွင် ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက အမှာစကားပြောကြားပြီး ပျဉ်းမနားခရိုင် ပညာရေးမှူး ဒေါ်ဝင်းဝင်းအေးက သင်တန်းဆိုင်ရာ အမှာစကားပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ နှင့် ၃၀ ရက် နှစ်ရက်တာ ကျင်းပပြီး ဆွေးနွေးပွဲသို့ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပ်ဗေဒ)

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၀ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၆၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၄၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၆၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၈၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၄၆၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၁ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၄ . ၆၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၃၀၀ | ၁၅၄၃ | ၁၄၄၇၂၄၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၄၄၂၈ | ၁၅၀၅၅၂၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၉၄ | ၇၂၃၈၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀ | ၂၀၀၀၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆၅ | ၁၇၅၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၃၀ | ၈၁၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅၀ | ၂၅၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Present Perfect Tense အကြောင်း ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ စုံစုံလင်လင် ဝေဝေဆာဆာ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about 'Please let me help you' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နားလည်ရလွယ်ကူအောင် နမူနာဝါကျများနဲ့ပါ တွဲဖက်ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Present Perfect (အတိတ်ပြီးမြောက်ကာလ) အကြောင်း ပိုမိုနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ စုံစုံလင်လင် ဝေဝေဆာဆာ ဖော်ပြလိုက်ပါတယ်။

**Exercise (1) Fill in the blanks with the Present Perfect tense of the verbs in brackets.**

8. My uncle ...........(just arrive) from Hong Kong.
9. They ........... (win) a prize recently.
10. .......... You ...........(ever see) a kangaroo?
11. ........... Your father ........... (go) out yet?
12. They ......... (build) a bridge across the river recently.
13. ........... she ........... (write) the letter?
14. He ........... (never be) to Kuala Lumpur.
15. This beggar ...........(not eat) for two days.

**Exercise (2) Write for or since.**


1. Jill has been in Ireland ............... Monday.
2. Jill has been in London ............... three days.
3. Nobody lives in those houses. They have been empty ............... many years.
4. Mike has been ill ............... a long time. He has been in hospital ............... October.
5. The bus is late. We've been waiting ............... 20 minutes.

**Exercise (3) Put in gone or been.**

1. Bill is on holiday at the moment. He's ............... to Spain.
2. Where's Jill? She's not here. I think she's ............... to the bank.
3. Hello, Sue. Where have you ...............? Have you ...............to the bank?
4. Have you ever ............... To Mexico? No, never.
5. My parents aren't at home this evening. They've ............... out.

**Exercise (4) Make questions with How long ...............?**

1. Jill is on holiday.
   How long has she been on holiday?
2. Mike and Judy are in Brazil.
   ..........................................................?
3. I know Margaret.
   ..........................................................?




4. Diana is learning Italian.
   ..........................................................?
5. My brother lives in Canada.
   ..........................................................?

**Exercise (5) Read the situation and write sentences with just, already or yet.**

1. After lunch you go to see a friend at her house. She says, 'Would you like something to eat?'
   You say: No thank you. ............................ (have lunch)
2. You are eating in a restaurant. The waiter thinks you have finished and starts to take your plate away.
   You say: Wait a minute! ............................ (not/finish)
3. You plan to eat at a restaurant tonight. You phone to reserve a table. Later your friend say:
   'Shall I phone to reserve a table?' You say: No, ............................ (do it)
4. You are still thinking about where to go for your holiday. A friend asks, 'Where are you going for your holiday?' You say: ............................................ (not/decide)
5. Laura went out, but a few minutes ago she returned. Somebody asks, 'Is Laura still out?' You say: ............................................ (come back)

**Exercise (6) Write four sentences about yourself. Use I haven't and choose from the boxes.**

| | | |
|---|---|---|
| used a computer | travelled by bus | eaten any fruit |
| been to the cinema | read a book | lost anything |

| | |
|---|---|
| 1. I haven't used a computer today. | today |
| 2. ............................................ | this week |
| 3. ............................................ | recently |
| 4. ............................................ | for ages |
| 5. ............................................ | since ... |
| | this year |

**Exercise (7) Which is right?**

1. Mark ~~is~~/has been in Canada since April. (has been is right)
2. Jane is a good friend of mine. I know/have known her very well.
3. Jane is a good friend of mine. I know/have known here for a long time.
4. 'Sorry I'm late. How long are you/ have you been waiting?' 'Not long. Only five minutes.'
5. Martin works/has worked in a hotel now. He likes his job very much.
6. Linda is reading the newspaper. She is/has been reading it for two hours.
7. 'How long do you live/have you lived in this house?' 'About ten years.'
8. 'Is that a new coat?' 'No, I have/I've had this coat for a long time.'
9. Tom is/ has been in Spain at the moment. He is/has been there for the last three days.
10. They are married/have been married for ten years.

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှအဖြေများ

1. have been
2. have lived
3. haven't gone
4. haven't heard
5. has stopped
6. have eaten
7. have already finished

## VOCABULARY (IDIOM)

1. a cat on hot bricks (စိတ်လှုပ်ရှားသည်။ ဂနာမငြိမ်ဖြစ်သည်။)
   He's like a cat on hot bricks before a game.
2. a cat and dog life (မတည့်အတူနေ မြင်ချောင်းကြည့်ဘဝမျိုး၊ မကြာခဏရန်ဖြစ်သည်။)
   They lead a cat and dog life. I don't know why they stay together.
3. to rain cats and dogs (မိုးသဲသဲမဲမဲရွာသည်။)
   Don't forget to take your umbrella – it's raining cats and dogs out there.
4. chicken–hearted (လန့်လွယ်သော၊ အသည်းငယ်သော၊ အသည်းကြောင်သော)
   I'm not surprised that Tom didn't come to the rally – he's too chicken–hearted to defend his beliefs in public.
5. a chip off the old block (ဘမျိုးဘိုးတူ)
   We feel that his son is a chip off the old book.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about 'Please let me help you'

ဒီတစ်ပတ်မှာတော့ Please let me help you အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about 'Please let me help you' ဆိုပြီးဖော်ပြလိုက်ပါတယ်။




*Let me help you*
*That's very kind of you*
*What a treat!*
*Hats off!*
*I'm sure you'll make*

**Let me help you**

၁။ ကူညီပါရစေဆိုပြီး ပြောရင် ကျွန်တော်တို့ ဒီပုံစံလေးကို သုံးနိုင်ပါတယ်။ တစ်ခုခုလုပ်ဖို့ ခွင့်တောင်းတဲ့ သဘောပါပဲ။ ဥပမာ –

– Please let me help you carry those bags, ma'am.

**That's very kind of you**

၂။ သိပ်သဘောကောင်းတာပဲ။ သိပ်ကြင်နာတာပဲ။ ကိုယ့်ကို တစ်ခုခုလုပ်ပေးရင် ဒီလိုမျိုး ပြောနိုင်ပါတယ်။ ဥပမာ –

– That's very kind of you. You are a real gentleman.

**What a treat!**

၃။ ဒီနေရာမှာ What a treat! ကတော့ ကြည်နူးစဖွယ်၊ ပျော်ရွှင်စဖွယ်ဆိုပြီး ပြောတဲ့သဘောပဲဖြစ်ပါတယ်။ ဘယ်လောက်တောင် ကြည်နူးဖို့ကောင်းလိုက်လဲ၊ ဘယ်လောက်တောင်ပျော်ရွှင်ဖို့ကောင်းလိုက်လဲဆိုပြီးပြောရင် အဲဒီလို ပြောနိုင်ပါတယ်။ ဥပမာ –

– A: My parents taught me that a man should carry groceries and open the door for ladies.
  B: Well, what a treat! Your parents raised you very well.

**Hats off!**

၄။ ချီးကျူးတဲ့နေရာမှာ ပြောနိုင်ပါတယ်။ တစ်ယောက်ယောက်က လိမ္မာတယ်၊ သိတတ်တယ်ဆိုရင် ဒီလိုလေးပြောလို့ရပါတယ်။ ဥပမာ –

– Your parents raised you very well, hats off!

**I'm sure you'll make ...**

၅။ မင်း ... ဖြစ်မယ်၊ မင်း ... လုပ်မယ်ဆိုတာ ငါသိတယ်ဆိုပြီး ပြောချင်ရင် ဒီလိုမျိုး ပြောနိုင်ပါတယ်။ I'm sure ရဲ့နောက်မှာ you'll make ဆိုပြီး future ပုံစံနဲ့ပြောပါတယ်။ ဥပမာ –

– I'm sure you'll make a fine lawyer someday.

**Conversation**

**Please let me help you**

Mike: *Please let me help you* carry those bags, ma'am. They must be pretty heavy.

Mary: Oh, thank you so much. I guess you can carry them if you want to. *That's very kind of you*. You are a real gentleman. There aren't too many young men like you nowadays.

Mike: My parents taught me that a man should carry groceries and open the door for ladies.

Mary: Well, *what a treat!* Your parents raised you very well, *hats off!* My apartment is next to the post office, on the 2nd floor.

Mike: That's fine.

Mary: So, are you in school?

Mike: I'm studying to be a lawyer, ma'am. I'm in my first year. Some people who get into trouble are actually innocent and I want to protect them.

Mary: Well, you're a very kind and caring boy. *I'm sure you'll make* a fine lawyer someday. Your parents must be very proud of you.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ၌ ပြည်သူများအား မျက်စိရောဂါများ အခမဲ့ စမ်းသပ် ခွဲစိတ်ပေးမည်

မြိတ် အောက်တိုဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ သီတဂူဇီဝိတ စက္ခုဒါနဆေးရုံ၌ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများ၏ မျက်စိရောဂါ ဝေဒနာများကို နိုဝင်ဘာ ၁၇ ရက်တွင် အခမဲ့ စမ်းသပ် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်၏ ဦးဆောင်မှုဖြင့် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဆေးရုံအတွင်း၌ ခွဲစိတ်ခန်း၊ နားနေဆောင် အဆောက်အအုံများ၊ ခွဲစိတ်ကုသပေးမည့်စက်သုံးစုံ၊ ခွဲစိတ်ခုတင်လေးလုံး၊ ရေတိမ်စမ်းသပ်စက်တစ်လုံး၊ ပါဝါစမ်းသပ်စက်တစ်လုံးနှင့် အခြားမျက်စိရောဂါ စမ်းသပ်စက်တစ်လုံးတို့ကို သီတဂူဆရာတော်၏ လမ်းညွှန်မှုဖြင့် မြိတ်မြို့ရှိ ဆရာတော်များ၊ အလှူရှင်များ၊ သီတဂူစက္ခုဒါနဆေးရုံ စီမံစောင့်ရှောက်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မျက်စိစမ်းသပ်ခွဲစိတ်ကုသရန်အတွက် စာရင်းပေးသွင်းနိုင်**

မျက်စိရောဂါ ဝေဒနာများကို လာရောက်ပြသ၍ ကုသမှုခံယူလိုသော ရဟန်း၊ ရှင် လူ၊ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၌ နိုဝင်ဘာ ၁၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ အောက်တိုဘာ ၂၈ ရက်အထိ စာရင်းပေးသွင်းထားရှိသူ ၇၀၀ ကျော်ရှိပြီဖြစ်၍ အမြန်စာရင်းပေးသွင်းရန်လိုကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မျက်စိရောဂါ ဝေဒနာရှင်များကို စမ်းသပ်စစ်ဆေးကုသပေးရာတွင် သီတဂူဇီဝိတ စက္ခုဒါနဆေးရုံ ပြင်ပလူနာဌာန၌ မျက်စိစမ်းသပ်စစ်ဆေးသည့်စက်များဖြင့် အခမဲ့စစ်ဆေးပေးမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်သူများအား အခမဲ့ ခွဲစိတ်ကုပေးမည်ဖြစ်ကြောင်း၊ မျက်စိခွဲစိတ်ရန် လိုအပ်သည့် ဝေဒနာရှင် ၉၀၀ အား မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီးများအဖွဲ့က မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ ခွဲစိတ်ခန်းအတွင်း မျက်စိခွဲစိတ်ကုသသည့် စက်အသစ်များဖြင့် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သီတဂူဇီဝိတစက္ခုဒါနဆေးရုံ စီမံစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။



မျက်စိခွဲစိတ်ကုသပေးမည့် ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခုတင်များ။

ခိုင်ထူး(မြိတ်)

# သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် သွားနှင့်ခံတွင်း ဆရာဝန်များ၊ သူနာပြုများ၊ သွားကျန်းမာရေးသူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာရှင် လုပ်အားပေးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် အတွင်းရှိ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာ ဘိဝံသ ဆရာတော်ကြီး၏ နေပြည်တော်ကျောင်းခွဲဖြစ်သော ဝဇိရာနန္ဒသုဗောဓာရုံ ဘုန်းတော်ကြီးကျောင်းရှိရဟန်းသံဃာတော်များနှင့် အနီးဝန်းကျင်မှ ပြည်သူများ၊ စုစုပေါင်းလူနာ ၁၆၅ ဦးကို အခမဲ့ ကွင်းဆင်းဆေးကုသပေးသည်။



အဆိုပါ သွားနှင့်ခံတွင်း ကွင်းဆင်း ဆေးကုသရေးအဖွဲ့သည် ကျောင်းရှိ ရဟန်းသာမဏေများအား ကျန်းမာရေးအသိပညာပေးခြင်း၊ စနစ်မှန်သွားတိုက်နည်းစနစ်ကို လက်တွေ့သရုပ်ပြသပြီး အတူတကွ သွားတိုက်ခြင်း၊ သွားနှင့်ခံတွင်းရောဂါများကို စစ်ဆေးခြင်းနှင့် လိုအပ်သောကုသမှုများကိုလည်း ဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆေးရုံအခြေပြုကုသပေးနေခြင်းသာမက ပြည်သူများအနေဖြင့် ကျန်းမာရေး ဆေးကုသမှုအတွက် စရိတ်သက်သာထိရောက်ပြီး အများလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ယခုကဲ့သို့ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သွားနှင့်ခံတွင်း အခမဲ့ကွင်းဆင်း ဆေးကုသခြင်းလုပ်ငန်းများကို ကုသရေးဦးစီးဌာန၏ ဦးစီးထောက်ပံ့ပေးမှုဖြင့် လစဉ်လတိုင်း နယ်လှည့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိုးညိုမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေး

မိုးညို အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇောတိကရပ်ကွက် ဆရာစံလမ်းရှိ အထက (မိုးညို) သရဖူခန်းမဆောင်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးသန်းဦးက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စီမံဘာသာရပ်ဆိုင်ရာများကို ဆွေးနွေးပို့ချသည်။ ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးဇော်မျိုးထွန်းက ကာယပညာနှင့် ကျောင်းကျန်းမာရေးဘာသာရပ်ဆိုင်ရာများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးမင်းဦးက ဘဏ္ဍာဘာသာရပ်ဆိုင်ရာများ၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးသန်းဌေးက ပညာ(၂)ဘာသာရပ်ဆိုင်ရာများကို ဆွေးနွေးပို့ချပြီး ကျောင်းအုပ်ကြီးများနှင့် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ပြုလုပ်ခဲ့ပြီး မိုးညိုမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီး ၁၆၆ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ကိုမင်း(ပြန်/ဆက်)

# ပခုက္ကူခရိုင်အတွင်းမှ နေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များထောက်ပံ့

ပခုက္ကူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းမှ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြသည့် ပြည်သူများအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(World Food Programme-WFP) ဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲစသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အောက်တိုဘာလ ၂၂ရက်မှစတင်ပြီး ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကူညီထောက်ပံ့မှုများကို ပခုက္ကူမြို့နယ် အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပခုက္ကူခရိုင်အတွင်း ပခုက္ကူနှင့် မြိုင်မြို့နယ်၊ ကမ္မမြို့တို့၌ အကြောင်းအမျိုးမျိုးတို့ကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြသည့်ပြည်သူများအား လူတစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၆၅ ကျပ်သား၊ ဆား ၅၀ ကျပ်သားနှင့် စားတော်ပဲခုနစ်ဘူးစီတို့ကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအရောက် ကွင်းဆင်းကူညီထောက်ပံ့ပေးကြကြောင်း သိရသည်။

ပခုက္ကူခရိုင်အတွင်း အကြောင်းအမျိုးမျိုးကြောင့် နေ့ရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူရရှိသော ဦးရေပေါင်း ၁၆၇၉၅ ဦးရှိကာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဖြင့် ၂၀၂၂ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် တစ်လလျှင်တစ်ကြိမ်နှုန်းဖြင့် သုံးကြိမ်စီ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အမှန်တကယ် နေရပ်စွန့်ခွာနေထိုင်ရပြီး စာရင်းကျန်ရှိသည့် ပြည်သူများကိုလည်း ဆက်လက်ကွင်းဆင်း စာရင်းကောက်ယူ၍ ကူညီထောက်ပံ့နိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ခရိုင်(ပြန်/ဆက်)



# သရက်မြို့နယ် ရေဖြူကျေးရွာတွင်း ကွန်ကရစ်လမ်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

သရက် အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work စီမံကိန်းရန်ပုံငွေဖြင့် ရေဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှုများကို တာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဆန်းဌေး၊ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ရေဖြူကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၅၉၀၊ အကျယ် ၁၂ ပေရှိပြီး Cash For Work စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်ခြင်းဖြစ်ကာ လုပ်ငန်းပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၀၅ အိမ်၊ လူဦးရေ ၄၇၀ အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးမှုများ

**............... မောင်စားသုံး ...............**

**ကျွန်တော်တို့၏ ဘိုးဘွားများက ပြောကြားခဲ့ဖူးသည့် ဆိုရိုးစကားလေးကို သတိတရ ဖြစ်မိသည်။ "ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ" တဲ့။ အရင်တုန်းက မြန်မာပြည်တွင် ဤမျှအထိ စပါးများ ပေါများစွာ ထုတ်လုပ်ထွက်ရှိခဲ့သည့်သဘောဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ချုပ်၏ တာဝန်ရှိသူတစ်ဦးက "အရှေ့တောင်အာရှ၏ စပါးကျီ ဗမာပြည်"ဟု ဂုဏ်ပြုမှတ်ချက်စကား ပြောကြားခဲ့ခြင်း ဖြစ်ပေမည်။ ဒုတိယကမ္ဘာစစ်ကာလက တစ်ကမ္ဘာလုံးနီးပါး စားနပ်ရိက္ခာ အခက်အခဲဖြစ်ချိန်တွင် မြန်မာပြည်မှဆန်များကို ဈေးနှုန်းချိုသာစွာဖြင့် အကြွေးစနစ်ဖြင့် ရောင်းချဖြည့်စွမ်းပေးနိုင်ခဲ့သည်သာမက ငွေကြေးအခက်အခဲ ကြုံတွေ့ရလျက်ရှိသော ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံများကို လှူဒါန်းပေးနိုင်ခဲ့သဖြင့် ထိုနိုင်ငံများသည် ယနေ့အထိပင် မြန်မာနိုင်ငံကို ကျေးဇူးတင်မဆုံးဖြစ်နေသည်က သက်သေပင်ဖြစ်သည်။**

မြန်မာနိုင်ငံ၏ အဓိကထုတ်ကုန်သည် ဆန်စပါးဖြစ်သည်။ ဆန်စပါးသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏ အသက်သွေးကြောဖြစ်သည်။ ထို့ကြောင့်ပင် အစိုးရအဆက်ဆက်၏ ဦးတည်ချက်များတွင် စိုက်ပျိုးရေးကိုအခြေခံ၍ဟူသည့် ဦးတည်ချက် အမြဲပါဝင်သည်ကို သတိထားမိသည်။ မြေသည် တိုးပွားလာသည်မဟုတ်ပေ။ နေထိုင်သည့်ဦးရေသာ တိုးပွားလာနေသည်။ တိုးပွားလာသည့် လူဦးရေအတွက် ရိက္ခာလုံလောက်မှုရှိစေရန် ဆန်စပါးကဏ္ဍကို သမားရိုးကျပုံစံများအတိုင်း ဆောင်ရွက်နေ၍ မဖြစ်ပေ။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူများပူးပေါင်း၍ ကြံဆဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စက်မှုလယ်ယာစနစ် ကူးပြောင်းရမည်၊ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားဖြစ်အောင်လုပ်ရမည်။ အထွက်တိုးအောင် လုပ်ရမည်။ ခေတ်မီနည်းပညာများ သုံးစွဲရမည်။ သို့မှသာ ပြည်တွင်းရိက္ခာဖူလုံသည့်အပြင် ပိုလျှံသည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို ပြည်ပသို့ အရည်အသွေးပြည့်မီစွာ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ၏အခန်းကဏ္ဍသည် အဓိကအရေးပါလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကိုခံယူကာ ထုတ်ပြန်ထားသော မူဝါဒ၊ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

**နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်မှာကြား**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၂) ၌ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်က ကျင်းပသည့် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ (Myanmar Rice Conference – 2022) ဖွင့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မြန်မာ့ဆန်စပါး ထုတ်လုပ်ခြင်းသည် ရှေးရာစုနှစ်များစွာကတည်းက ဆောင်ရွက်လာသည့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်ကြောင်း၊ ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့် ဆန်၊ စပါး စိုက်ပျိုးထုတ်လုပ်ခြင်းကဏ္ဍမှာလည်း တိုးတက်ပြောင်းလဲခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ပြင်ပဈေးကွက်သို့ ပိုမိုအလားအလာရှိသော ဆန်စပါးကဏ္ဍ မြှင့်တင်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ပေါ်ပေါက်စေနိုင်သည့်(Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆန်၊ စပါးကဏ္ဍကို ယခင်ကထက် ပိုမိုဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အရည်အသွေးနှင့်အထွက်နှုန်း ပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့ထုတ်လုပ်ရန်နှင့် ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသော အမျိုးသား ပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်အမယ်များတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍသည်လည်း ပါဝင်ကြောင်း၊ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏ မျှော်မှန်းချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေးပင်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။



စက်မှုလယ်ယာကဏ္ဍတိုးတက်ရေးအတွက် ကူဘိုတာကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှုကို စက်မှုလယ်ယာနည်းပညာသင်တန်းသား သင်တန်းသူများအား ယခုနှစ် ဇူလိုင်လအတွင်း လက်တွေ့သရုပ်ပြစဉ်။

**ဆန်စပါးကဏ္ဍဆိုင်ရာသမိုင်းကြောင်း တိုးတက်ပြောင်းလဲလာမှု**

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဆိုင်ရာ သမိုင်းကြောင်းသည် ရှည်လျားလှပါသည်။ ရှေးမြန်မာမင်းများလက်ထက်တွင် ဆန်စပါးကို မိမိအိမ်ထောင်စုဝမ်းစာဖူလုံရေး၊ ဘုရင်နှင့်ဆွေတော်မျိုးများအတွက် လယ်ခွန်များပေးရန်နှင့် ပိုလျှံသည်များကို အခြားမိမိလိုအပ်သည့် ပစ္စည်းများနှင့်ဖလှယ်သည့်အဆင့်သာ စိုက်ပျိုးခဲ့သည်။ ကိုလိုနီခေတ်ရောက်သောအခါ လယ်မြေများ တိုးချဲ့စိုက်ပျိုးရန် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် ရေကာတာ၊ ဆည်၊ လမ်းတံတားများ၊ သိုလှောင်ရုံ၊ စပါးကြိတ်ခွဲစက်များ တည်ဆောက်ပေးခြင်းကြောင့် စပါးစိုက်ဧက ၁၂ သန်းကျော် စိုက်ပျိုးလာနိုင်သည်။

ထိုအခါ ဆန်၊ စပါးဆိုင်ရာကဏ္ဍများတွင် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းလာရသည်။ အနောက်နိုင်ငံများ၊ ဥရောပနိုင်ငံများသို့လည်း ဆန်စပါးများ အမြောက်အမြား တင်ပို့နိုင်ခဲ့သည်။ လက်ရှိတွင် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ပြည်ပကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပဈေးကွက်ရှာဖွေရေးကိစ္စများကို ဆောင်ရွက်ရန် အဖွဲ့အစည်းများကို လိုအပ်ချက်များနှင့်အညီ ဖွဲ့စည်းလျက်ရှိသည်။

**ဒေသတွင်းနိုင်ငံများ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ**

ဒေသတွင်းနိုင်ငံများတွင်လည်း ဆန်စပါးကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် State Owned Economic Cooperation Act – 2003 ဥပဒေကို ပြဋ္ဌာန်း၍ ဆန်စပါးကဏ္ဍဆိုင်ရာ Perum Bulog (BULOG)အဖွဲ့ကို အစပိုင်းတွင် အစိုးရဌာနမဟုတ်သော အသင်းအဖွဲ့များပုံစံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နောက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အများပိုင်စီးပွားရေးလုပ်ငန်းကြီးတစ်ခုအသွင်ဖြင့် ပြည်တွင်းစားနပ်ရိက္ခာဈေးနှုန်း တည်ငြိမ်ရေး၊ ငွေကြေးပိုင်းဆိုင်ရာအခက်အခဲများကို ကူညီဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါ ထိန်းချုပ်ကုသခြင်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အဆောက်အအုံနှင့် မြေငှားရမ်းပေးခြင်း၊ အရန်ရိက္ခာစီမံခန့်ခွဲခြင်း၊ ဆန်ဖြန့်ဖြူးခြင်း၊ ပို့ကုန်တိုးမြှင့်ရေးကိစ္စများနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို ဆောက်ရွက်လျက်ရှိသည်။

အလားတူပင် မလေးရှားနိုင်ငံတွင် Food Act 1983 & Food Regulation of 1985 ကို ပြဋ္ဌာန်းကာ ဆန်စပါး ဝယ်ယူ၊ သိုလှောင်၊ တင်သွင်း၊ ဖြန့်ဖြူး တင်ပို့၊ ဈေးကွက်ချဲ့ထွင်ခြင်းများကို Bermas အဖွဲ့က အစိုးရ၏ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင်လည်း Policy on Rice Exportation Management in Vietnam 2019 & Rule on Rice Export Business ကို ပြဋ္ဌာန်း၍ Vietnam Food Association(VFA)က ဆန်စပါးကဏ္ဍ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ပို့ကုန်စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် Rice Tariffication Law 2019 ကို ပြဋ္ဌာန်း၍ အစိုးရက NFA ၊ PITC အဖွဲ့များနှင့်ပူးပေါင်းပြီး ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံတွင်မူ လိုအပ်ချက်အရ အမိန့်ညွှန်ကြားချက်များထုတ်ပြန်ကာ အများပိုင်ကုမ္ပဏီများကို လိုအပ်သော ကူညီပံ့ပိုးမှုများပေးခြင်းဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

**Supply Chain Mechanism ထူထောင်ပေးခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစတင်၍ ဆန်စပါးစိုက်ပျိုးကောများပြားသည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ ဆန်အထူးပြုကုမ္ပဏီ ၆၄ ခုကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အထူးပြုကုမ္ပဏီများတွင် နိုင်ငံတကာနှင့် ချိတ်ဆက်ရောင်းဝယ်သည့် ကုမ္ပဏီများ၊ ပူးပေါင်းကုမ္ပဏီများ၊ ဒေသခံကုန်သည်များနှင့် တောင်သူလယ်သမားများအစရှိသည့် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချသည်အထိ Supply Chain Mechanism တစ်ရပ်လုံးတွင် ပါဝင်နေသူများဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းထူထောင်ထားသည်။

အဆိုပါ ဆန်အထူးပြုကုမ္ပဏီများသည် ကုမ္ပဏီပိုင်ငွေကြေးများ၊ ဘဏ်ချေးငွေများဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစ၍ တောင်သူလယ်သမားများအား မျိုး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်ချေးငွေ၊ နည်းပညာ အကူအညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးစရိတ်ချေးငွေကို တောင်သူများသို့ ထုတ်ချေးရာတွင် တစ်လလျှင် ၂ ရာခိုင်နှုန်းထက်မပိုသော အတိုးနှုန်းဖြင့် ခြောက်လတစ်ကြိမ် ထုတ်ချေးသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ကျပ် ၁၃၀၈၂၉ ဒသမ ၃၇ သန်းကို တောင်သူလယ်သမားဦးရေ ၄၇၅၄၈၇ ဦးသို့ ထုတ်ချေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

*စာမျက်နှာ ၂၃ သို့*

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစတင်၍ ဆန်စပါးစိုက်ပျိုးကောများပြားသည့် တိုင်းဒေသကြီး / ပြည်နယ်များ၌ ဆန်အထူးပြုကုမ္ပဏီ ၆၄ ခုကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အထူးပြုကုမ္ပဏီများတွင် နိုင်ငံတကာနှင့်ချိတ်ဆက်ရောင်းဝယ်သည့် ကုမ္ပဏီများ၊ ပူးပေါင်းကုမ္ပဏီများ၊ ဒေသခံကုန်သည်များနှင့် တောင်သူလယ်သမားများအစရှိသည့် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချသည်အထိ Supply Chain Mechanism တစ်ရပ်လုံးတွင် ပါဝင်နေသူများဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းထူထောင်ထားသည်**

# ဘားအံမွေးမြူရေးဇုန်၌ တိုးပွားသဘာဝမြေသြဇာစက်ရုံနှင့် သြဇာမင်းသဘာဝမြေသြဇာစက်ရုံဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ဓာတ်မြေသြဇာသုံးစွဲခြင်းကို လျှော့ချ၍ သဘာဝမြေသြဇာများ ကို တွင်ကျယ်စွာ အစားထိုးပြောင်းလဲသုံးစွဲလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ (၆၇)နှစ်မြောက်ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စု ဘားအံမွေးမြူရေးဇုန်ရှိ တိုးပွားသဘာဝမြေသြဇာစက်ရုံနှင့်သြဇာမင်းသဘာဝမြေသြဇာစက်ရုံများကို အောက်တိုဘာ၂၉ ရက်က ဖွင့်လှစ်သည်။

သဘာဝမြေသြဇာစက်ရုံများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် စက်ရုံပိုင်ရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဓာတ်မြေသြဇာများသည် လတ်တလောအထွက်နှုန်းကောင်းသော်လည်း အချိန်ကြာလာသည်နှင့်အမျှ စိုက်ပျိုးမြေ၏ သဘာဝအာနိသင်ကို ထိခိုက်ပျက်စီးစေပြီး အန္တရာယ်ဖြစ်စေသည့်အတွက်



ဘေးထွက်ဆိုးကျိုးမရှိသည့် သဘာဝမြေသြဇာများကို တွင်ကျယ်စွာအသုံးပြုသင့်ကြောင်း၊ ဈေးနှုန်းအနေဖြင့်လည်း အခြားဓာတ်မြေသြဇာ များထက် အဆများစွာ သက်သာပြီး တောင်သူများအားလုံး ဝယ်ယူအသုံးပြုနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ ယခုကဲ့သို့ သဘာဝမြေသြဇာစက်ရုံများ ဖွင့်လှစ်နိုင်ခြင်းသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပေးကြော်ငြာခြင်း၊ ထုတ်ကုန်များ တိုးမြှင့်ရောင်းချနိုင်ရေး ဈေးရောင်းပွဲတော်များ၊ ပြခန်း၊ ပြပွဲများ ကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုးပွားသဘာဝမြေသြဇာစက်ရုံနှင့် သြဇာမင်းသဘာဝမြေသြဇာစက်ရုံများအတွင်း တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ သဘာဝမြေသြဇာထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် တောင်သူများက သဘာဝမြေသြဇာလာရောက်ဝယ်ယူအားပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

**စောမျိုးမင်းသိန်း**

(ပြန်/ဆက်)

# စတုတ္ထအကြိမ်မြောက် လားရှိုးတန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လားရှိုး အောက်တိုဘာ ၃၀**

စတုတ္ထအကြိမ်မြောက် လားရှိုးတန်ဆောင်တိုင် ပွဲတော်ကြီးကို နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ လားရှိုးမြို့အဝင်ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦး စေတီတော်ကြီး ပရိဝုဏ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင် ပွဲတော်ကြီးတွင် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများအပြင် အလှမီးပုံးပျံငယ်များ၊ ခိုဖြူမီးပုံးပျံ၊ ဆင်ရုပ်မီးပုံးပျံများကိုလည်း လွှတ်တင်ကြမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၄ ရက်တွင် ပြည်သူ့ဥယျာဉ်ဖွင့်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ၊ ၅ ရက်တွင် တေးဂီတဖျော်ဖြေပွဲ၊ ၆ ရက်တွင် လားရှိုးမြို့တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဖွင့်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ၊ ၇ ရက်တွင် မီးပုံးပျံလွှတ်တင်ပွဲများနှင့် နာမည်ကျော် အဆိုတော်များ၏ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်အတွင်း ဗမာ၊ ရှမ်း၊ ကချင်၊ လားဟူ၊ မြောင်ဇီး(ခေါ်)မှုန့်၊ ပလောင်၊ ဝ၊ လီဆူ၊ မုန်းဝန်းဗမာ၊ ကိုးကန့်တိုင်းရင်းသားများက ပွဲတော်လာသည့်ပရိသတ်များကို ရိုးရာယဉ်ကျေးမှုအက အလှများဖြင့် ဖျော်ဖြေမည့်အပြင် စေတနာရှင် အလှူရှင်များက စတုဒိသာများဖြင့် ဧည့်ခံကြမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်တိုးက ပြောသည်။



၂၀၁၈ ခုနှစ်က တတိယအကြိမ် ကျင်းပသော လားရှိုးတန်ဆောင်တိုင်ပွဲတော်။

လားရှိုးတန်ဆောင်တိုင်ပွဲတော်ကြီးကို ၂၀၁၆ ခုနှစ်မှ စတင်ကာ ရှိုင်းနင်းမြန်မာကုမ္ပဏီက ချယ်ရီမြိုင်အိမ်ရာဝင်းအတွင်း စတင်သန္ဓေတည် ကျင်းပခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် လားရှိုးတန်ဆောင်တိုင်ပွဲတော်ကြီးကို တိုင်းရင်းသားယဉ်ကျေးမှုကွင်းတွင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကာ ၂၀၁၈ ခုနှစ်တွင် ချယ်ရီမြိုင်အိမ်ရာဝင်းအတွင်း တတိယအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းထွန်း (လားရှိုး)**

# စလင်းမြို့နယ်ရှိ ကျေးရွာ သုံးရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်

**စလင်း အောက်တိုဘာ ၃၀**

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ကဒါန်းကျေးရွာ၊ ပေါက်ခြံကျေးရွာနှင့် ဂုံညှင်းနွယ်ကျေးရွာတို့၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးခိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်စုစန္ဒာနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်တွင် ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကဒါန်းကျေးရွာနှင့် ပေါက်ခြံကျေးရွာတို့မှ ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၆၂ ဒသမ ၂၆ သန်းဖြင့်လည်းကောင်း၊ ဂုံညှင်းနွယ်ကျေးရွာ၌ တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၃၁ ဒသမ ၂၄ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ပြီး အနက်ပေ ၆၀၀ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့်ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများပါဝင်ကြောင်း၊ တင်ဒါစနစ်ဖြင့် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



*စာမျက်နှာ ၂၂ မှ*

**ဆန်စပါး စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ခေတ်မီဆန်စက်များ တိုးတက်လာစေရေး ဆောင်ရွက်ပေးမှုများ**

မြန်မာနိုင်ငံအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ၌ ဆန်စက်များအနေဖြင့် တန် ၁၀၀ အထက် ဆန်စက် အလုံး ၂၆၀၊ တန် ၄၀ မှ တန် ၁၀၀ အထိ ၇၄၂ လုံး၊ ၂၁ တန်မှ တန် ၄၀ အထိ ၆၂၅ လုံး၊ ၁၅ တန်မှ တန် ၂၀ အထိ ၈၇ လုံး စုစုပေါင်း ဆန်စက်ပေါင်း ၁၇၁၄ လုံးရှိပြီး ကြိတ်အားအနေဖြင့် ၄၈၅၉၃ တန်ရှိသည်။ ၎င်းအထဲတွင် ဟာလာစက်များမပါဝင်ပေ။ အကြမ်းဖျင်းအရ တစ်နိုင်ငံလုံးတွင် ဟာလာဆန်စက် ၁၀၀၀၀ ကျော် ရှိသည်။

မြန်မာ့ထွက်ကုန် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှ ဈေးကောင်းရရှိစေရေးအတွက် စံချိန်စံညွှန်းအရည်အသွေး သတ်မှတ်ချက်များနှင့် ပြည့်စုံရန်လိုအပ်ပါသည်။ သို့မှသာ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရ အမျိုးသားစံချိန်စံညွှန်းကောင်စီက ၁၀-၇-၂၀၁၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၈)ဖြင့် မြန်မာ့ဆန်စံချိန်စံညွှန်းအဖြစ် ကုဒ်အမှတ် MMS CODE X STAN 198:1995 ကို သတ်မှတ်ခဲ့သည်။ ပိုမိုပြည့်စုံစေရေးအတွက် ၁၈-၅-၂၀၂၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၀၉၀/၂၀၂၂)ကို ထုတ်ပြန်၍ ကုဒ်အမှတ် MMS 31:2022 ဖြင့် ပြန်လည်ပြင်ဆင် ဖြည့်စွက်ခဲ့သည်။


ထို့အပြင် မြန်မာ့ဆန်စပါး စံချိန်စံညွှန်းကိုလည်း ၁၈-၅-၂၀၂၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၀၉၁/၂၀၂၂)ကို ထုတ်ပြန်၍ ကုဒ်အမှတ် MMS 29:2022 ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ နောက်ပိုင်း ပြည်ပသို့ ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့မှုများနှင့် ပတ်သက်၍ အဆိုပါ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ တင်ပို့လျက်ရှိသည်။

မြန်မာ့ဆန်စပါး စံချိန်စံညွှန်းများ၊ အရည်အသွေးဆိုင်ရာ စည်းမျဉ်းများကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဖြစ်ပေါ်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အရည်အသွေးစီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် ကောင်းမွန်စေရေးအတွက် နိုင်ငံတကာမှ အသိအမှတ်ပြုသည့် စက်ပစ္စည်း၊ အဆောက်အအုံကျွမ်းကျင်ဝန်ထမ်းများ တိုးမြှင့်ထားရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စီစဉ်လျက်ရှိသည်။ အရေးကြီးသောအချက်မှာ မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းများ တင်သွင်းသော နိုင်ငံများနှင့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## iPhone အသစ်များတွင် Lightning Port ကို ရပ်ဆိုင်း၍ Type C ကိုသာ ပြောင်းလဲအသုံးပြုမည်



ရန်ကုန် အောက်တိုဘာ ၃၀

Apple အနေဖြင့် iPhone များတွင် အစဉ်အဆက်အသုံးပြုခဲ့သော Lightning Port ကို EU ၏ သတ်မှတ်ချက်များအရ ရပ်ဆိုင်းရတော့မည်ဖြစ်ကာ ၎င်းတို့ထပ်မံထုတ်လုပ်မည့် မော်ဒယ်သစ် iPhone များတွင် Lightning Port အားသွင်းပေါက်အစား Type C အားသွင်းပေါက်သာ ပါဝင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

Apple သည် iPhone အပါအဝင် ၎င်း၏ ထုတ်ကုန်များအားလုံးတွင် အခြားအန်းဒရွိုက်ဖုန်းများနှင့် သီးသန့်ဖြစ်သော Lightning Port အားသွင်းပေါက်နှင့် အားသွင်းကြိုးများကို ၂၀၁၂ ခုနှစ်မှစ၍ အသုံးပြုခဲ့သည်။ ထိုအချိန်က အန်းဒရွိုက်ဖုန်းများတွင် Micro USB စနစ်ကို အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် အန်းဒရွိုက်ဖုန်းများ၌ ပိုမိုကောင်းမွန်သော Type C ကို ပြောင်းလဲအသုံးပြုခဲ့ကာ စံသဖွယ်ဖြစ်လာခဲ့သည်။ ကမ္ဘာတစ်ဝန်း အန်းဒရွိုက်ဖုန်းအားလုံးတွင် Type C ကိုသာ အသုံးပြုလာခြင်းနှင့် Type C ၏ အားသာချက်များကြောင့် iPhone များတွင် Type C ကို ပြောင်းသုံးပေးရန် iPhone အသုံးပြုသူများက တောင်းဆိုမှုများရှိသော်လည်း Apple အနေဖြင့် မပြောင်းလဲခဲ့ဘဲ EU ၏ မဖြစ်မနေ ဖိအားပေးမှုများကြောင့်သာ Lightning Port ကို စွန့်လွှတ်၍ Type C ကို ပြောင်းသုံးမည်ဖြစ်ကြောင်း ယခုသီတင်းပတ်တွင်မှ အတည်ပြုခဲ့ခြင်းဖြစ်သည်။

Apple ၏ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီသည် ရွေးချယ်စရာမရှိသလို ကမ္ဘာတစ်ဝန်းရှိ ဒေသတွင်းဥပဒေများကို လိုက်နာမည်ဖြစ်ကြောင်း ပြောကြားသည်။ Apple အနေဖြင့် ဈေးကွက်နိုင်ငံများ၏ တောင်းဆိုမှုကြောင့် ၂၀၂၁ ခုနှစ်ကထုတ်သည့် iPad များတွင်လည်း Lightning Port အစား Type C ကို ပြောင်းလဲအသုံးပြုခဲ့ရသည်။

သို့ရာတွင် လက်ရှိ ထုတ်လုပ်ပြီးသော မော်ဒယ်အများအပြားမှာ ဈေးကွက်အတွင်း ကျယ်ပြန့်စွာရှိနေခြင်းကြောင့် Lightning အားသွင်းကြိုးများကို ဈေးကွက်အတွင်း ရောင်းချနေမှုမှာ နှစ်အနည်းငယ်အတွင်း ကျယ်ပြန့်စွာ ဆက်ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ထွက် iPhone များအပါအဝင် AirPods နားကြပ်များ၊ ပထမမျိုးဆက် Apple Pencil၊ Magic Mouse၊ Magic Trackpad နှင့် Magic Keyboard စသည်ဖြင့် Lightning အားသွင်းကြိုးများကို အသုံးပြုသည့် ထုတ်ကုန်များမှာ ဈေးကွက်တွင် ကျယ်ပြန့်စွာရှိနေသေးသည်။ အဆိုပါ ထုတ်ကုန်များကို အသုံးပြုနေသူများအတွက် Lightning အားသွင်းကြိုးများသည် ဈေးကွက်တွင် ဆက်လက်၍ ရှိနေဦးမည်ဖြစ်သည်။


Lightning Port ကို စွန့်လွှတ်၍ Type C ကို ပြောင်းလဲခြင်းမှာ အစပိုင်းတွင် iPhone ကို သီးသန့်အသုံးပြုသူများအတွက် အဆင်မပြေမှုများရှိနိုင်သော်လည်း ရေရှည်တွင်မူ ထိုသို့ ပြောင်းလဲအသုံးပြုခြင်းသည် iPhone ပိုင်ရှင်များအတွက် တိုးတက်မှုတစ်ခုဖြစ်လာပြီး ထုတ်ကုန်အားလုံးတွင် Type C တစ်မျိုးတည်းကိုသာ အသုံးပြုခြင်းကြောင့် ပို၍ အဆင်ပြေလာစေမည်ဖြစ်ကြောင်း သိရသည်။

EU ၏ ၂၀၂၄ ခုနှစ် နှစ်ကုန် နောက်ဆုံးထား၍ Type C ဖုန်းများ ထုတ်လုပ်ရန် ဆုံးဖြတ်ချက်ကို Apple အနေဖြင့် လိုက်နာမည်ဖြစ်ကြောင်း အတည်ပြု ပြောဆိုလိုက်သော်လည်း ပြောင်းလဲမှုအတွက် အချိန်ယူရမည်ဟုလည်း ပြောကြားထားသောကြောင့် ၂၀၂၃ ခုနှစ်အတွင်း ထုတ်ကုန်များတွင် Type C သို့ပြောင်းမည်လား သို့မဟုတ် ၂၀၂၄ ခုနှစ်ရောက်မှ ပြောင်းမည်လားဆိုသည်ကို အတိအကျ မသိရသေးပေ။ ထို့အပြင် EU ၏ သတ်မှတ်ချက်အရ ပြောင်းလဲမည်ဖြစ်၍ ဥရောပဈေးကွက်တစ်ခုတည်းအတွက်သာ Type C ကို ပြောင်းလဲမည်လား သို့မဟုတ် ကမ္ဘာတစ်ဝန်းဈေးကွက်အတွက် ပြောင်းလဲမည်လားဆိုသည်ကိုလည်း အတည်မပြုနိုင်သေးပေ။

ကိုစိုး

ကိုးကား CNet, XDAdeveloper

## ယခုနှစ်အတွင်း ဒုတိယအကြိမ် ITPEC စာမေးပွဲများ စစ်ဆေး



ရန်ကုန် အောက်တိုဘာ ၃၀

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြုစာမေးပွဲများကို အောက်တိုဘာ ၂၃ ရက်က ပြုလုပ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် ဘားအံမြို့တို့တွင် တစ်ပြိုင်တည်း ပြုလုပ်ခြင်းဖြစ်ပြီး ITPEC စာမေးပွဲသုံးမျိုးမှ အခြေခံအဆင့်ဖြစ်သော Information Technology Passport Examination (IT Passport) စာမေးပွဲတွင် ၄၂၄ ဦး၊ အဆင့်မြင့်ဖြစ်သော Fundamental Information Technology Engineer Examination (FE) စာမေးပွဲတွင် ၃၄၀ နှင့် Applied Information Technology Engineer Examination (AP) စာမေးပွဲတွင် ရှစ်ဦး စုစုပေါင်း ၇၇၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ထံမှ သိရသည်။

ကိုစိုး

## အက်တမ်က ရောင်ပြန်မေတ္တာ အက်တမ်၏စေတနာ အစီအစဉ်ဖြင့် ဝါကျွတ်ပွဲတော်တွင် ဆင်နွှဲမည်

ရန်ကုန် အောက်တိုဘာ ၃၀

အက်တမ်(ATOM)အနေဖြင့် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၇၀ ကျော်မှ လူမှုအသိုင်းအဝိုင်းများအတွက် စေတနာတုံ့ပြန်သည့်အနေဖြင့် ဝါကျွတ်ပွဲတော်ကာလကို ပါဝင်ဆင်နွှဲမည်ဖြစ်ပြီး အလှူအတန်းအမျိုးမျိုးနှင့် လှုပ်ရှားမှုများကို အောက်တိုဘာလအတွင်းမှစတင်ပြီး ဆက်တိုက်ပြုလုပ်မည်ဖြစ်ကာ အဆိုပါ အစီအစဉ်များမှတစ်ဆင့် လူပေါင်း နှစ်သိန်းကျော်အား အကျိုးပြုနိုင်ရန် ရည်မှန်းထားကြောင်း အောက်တိုဘာ ၂၇ ရက်က သတင်းထုတ်ပြန်ထားသည်။

ရောင်ပြန်မေတ္တာ အက်တမ်၏စေတနာ လှုပ်ရှားမှုအစီအစဉ်ပေါင်း ၂၀၀ ကျော်အတွက် ကျပ် သိန်းပေါင်း ၇၀၀၀ ကျော်ကို ခွဲဝေအသုံးပြုရန် လျာထားပြီး အစီအစဉ်အရ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၄၃ ခုမှ လူပေါင်း ၂၁၀၀၀ ကျော်အတွက် ဆန်အိတ်နှင့် စားသောက်ကုန်ပစ္စည်းများကိုလည်း အောက်တိုဘာ ၂၁ ရက်မှ ၂၈ ရက်အထိ လှူဒါန်းပြီးဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခြင်းအပြင် မိဘမဲ့ကလေးဂေဟာများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် စာရေးကိရိယာများ ပံ့ပိုးပေးခြင်း၊ ဘုရားစေတီပုထိုးများသို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များအတွက် ပဋ္ဌာန်းစာအုပ်များ လှူဒါန်းခြင်းတို့အပါအဝင် မြန်မာနိုင်ငံအနှံ့အပြားတွင် အမှီသဟဲပြုသည့်ဝသော ကူညီဝေမျှမှုပေါင်းများစွာကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြုလုပ်မည့်အစီအစဉ်များကို လာမည့် ရက်သတ္တပတ်များအတွင်း အက်တမ်ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှ မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇင်ဦး




## ဟွာဝေးဖုန်းအသုံးပြုသူများအတွက် အပိုပစ္စည်းများ ဈေးသက်သာစွာ လဲလှယ်နိုင်မည့်အစီအစဉ်ပြုလုပ်

ရန်ကုန် အောက်တိုဘာ ၃၀

ပြည်တွင်း၌ တရားဝင် တင်သွင်းထားသော ဟွာဝေးဖုန်းများကို အသုံးပြုနေသူများအတွက် အပိုပစ္စည်းများကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် လဲလှယ်နိုင်မည့် Huawei Service Carnival အစီအစဉ်ကို ဟွာဝေးက အောက်တိုဘာ ၁ ရက်မှစ၍ ဒီဇင်ဘာလကုန်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုအစီအစဉ်တွင် အပိုပစ္စည်းများကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် လဲလှယ်နိုင်ခြင်းအပြင် ရှေ့မှန်သားပြင် လဲလှယ်ပါက နောက်ဘက်ကာဗာကိုပါ အခမဲ့လဲလှယ်နိုင်ခြင်း၊ နောက်ဘက်ကာဗာအတွက် စိတ်ကြိုက်ဒီဇိုင်းများဖန်တီးနိုင်မည့် စတစ်ကာဖလင်များကို ၂၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးခြင်း၊ အခမဲ့ဖုန်းသန့်ရှင်းရေးဝန်ဆောင်မှုနှင့် Screen Protector လက်ဆောင်ပေးခြင်း၊ Cloud Storage များ လက်ဆောင်ပေးခြင်းတို့ ပါဝင်သည်။

Huawei Service Carnival အစီအစဉ်အရ လျှော့ဈေးဖြင့် အပိုပစ္စည်းလဲလှယ်နိုင်မည့် ထုတ်ကုန်များတွင် ဟွာဝေး၏ P Series၊ Mate Series၊ nova Series နှင့် Y Series မှ ဖုန်းမော်ဒယ်အမျိုးမျိုး၊ MateBook လက်ပ်တော့ပ်မော်ဒယ်အမျိုးမျိုး၊ Matepad နှင့် Mediapad တက်ဘလက်များ၊ စမတ်နာရီများနှင့် ကြိုးမဲ့နားကြပ်များကို ပြုပြင်နိုင်မည်ဖြစ်ကာ မော်ဒယ်တစ်ခုချင်းစီနှင့် လဲလှယ်နိုင်မည့် အစိတ်အပိုင်းများ၊ လျှော့ဈေးရရှိမည့်ပမာဏနှင့် ကျသင့်ငွေများကို consumer.huawei.com.mm ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်သည်။

လဲလှယ်နိုင်မည့် အပိုပစ္စည်းအမျိုးအစားများအနေဖြင့် ရှေ့မျက်နှာပြင်၊ နောက်ကာဗာ၊ အဖုံး၊ ဘက်ထရီ၊ စက်ပြား၊ ကင်မရာ စသည့် အစိတ်အပိုင်းများ ပါဝင်မည်ဖြစ်ပြီး အပိုပစ္စည်းလဲလှယ်မှုတွင် ဟွာဝေး၏ တရားဝင်အပိုပစ္စည်းများကို ရက် ၉၀ အာမခံဖြင့် လဲလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ရန်ကုန်မြို့ လှည်းတန်း၊ မန္တလေးမြို့ ၇၈ လမ်း၊ တောင်ကြီး၊ လားရှိုး၊ မကွေး၊ နေပြည်တော်၊ ပုသိမ်၊ မော်လမြိုင်နှင့် မြိတ်မြို့များရှိ ဟွာဝေး၏ တရားဝင်ဝန်ဆောင်မှုစင်တာများတွင် သွားရောက်လုပ်ဆောင်နိုင်မည်ဖြစ်ပြီး အပိုပစ္စည်းရှိသလောက်သာ ဝန်ဆောင်မှုကို ရရှိမည်ဖြစ်၍ ကြိုတင်စုံစမ်းရန် လိုအပ်ကြောင်းနှင့် အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်များကို ဟော့လိုင်းနံပါတ် ၀၉-၆၈၉၀၀၀၉၀၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ကိုစိုး



# အောင်လံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ဆောင်ရွက်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**အောင်လံ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အောင်လံမြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက်က ပြလို့မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင်းပ၍ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲဖြစ်ရန် မဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်းလက်ဝယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ရှိရန် လိုအပ်သည့်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ကို တစ်နိုင်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်လံမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူ ၂၈၀၊ ရွာထောင်ရပ်ကွက်မှ ပြည်သူ ၆၆ ဦး၊ အုပ်ရစ်ကုန်းကျေးရွာအုပ်စုမှ ပြည်သူ ၁၂၁ ဦး၊ ကွဲသေကျေးရွာအုပ်စုမှ ပြည်သူ ၁၄ ဦး၊ ညောင်ပင်စိတ် ကျေးရွာအုပ်စုမှ ပြည်သူ ၃၇ ဦး၊ ညောင်ပင်ဝိုင်း ကျေးရွာအုပ်စုမှပြည်သူ ၄၂ ဦးအတွက် ပန်းခင်းစီမံချက် အဆင့်(၂) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး အ-ထ-က(ပြလို့)



ကျောင်းအတွက် အားကစားဆက်စပ်ပစ္စည်းများကို လည်း ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်လံမြို့နယ် ပြလို့မြို့ ပြလို့အခြေခံပညာအထက်တန်းကျောင်းနှင့် တွဲဖက်ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း အဆောက်အအုံ တည်ဆောက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းတင်ပြပြီး အဆောက်အအုံဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

**မျိုးသိန်း(ပြန်/ဆက်)**

## ဝါးတန်ဖိုးမြှင့်ပရိဘောဂများထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိနိုင်ရေး ကြိုးပမ်း

**ရန်ကုန် အောက်တိုဘာ ၃၀**

ဝါးကုန်ကြမ်းဖြင့် တန်ဖိုးမြှင့် ပရိဘောဂများထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိရောင်းချနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၅) ရွှေရင်အေး (၁) လမ်းရှိ United Wood Industries ကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က အောက်တို ဘာ ၂၈ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **အပေါ်(ယာပုံ)**



စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးများအား တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသပြီး အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံမှ ကုန်ကြမ်းများ ဝယ်ယူ၍ တန်ဖိုးမြှင့်ပရိဘောဂများ စမ်းသပ်ထုတ်လုပ်တင်ပို့ခဲ့ရာ အလားအလာကောင်းများ တွေ့ရှိရသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးပြီး မိမိတို့နိုင်ငံ၏ ရေမြေရာသီဥတုနှင့် စိုက်ပျိုးနိုင်သည့် ဝါးကုန်ကြမ်းဖြစ်သည့် ဝါးပိုးဝါးနှင့် ကလွေဝါးတို့ကို စိုက်ပျိုးသည့်အဆင့်မှ စတင်၍ ထွက်ရှိလာသည့် ကုန်ကြမ်းကို ဖြတ်တောက်ခြင်း၊ ခွဲစိတ်ခြင်း၊ အဆစ်ဖြုတ်ခြင်း၊ အရွယ်အစားညှိခြင်း၊ ဆေးစိမ်ခြင်း၊ အခြောက်ခံခြင်း၊ လေးဖက်ချောခြင်း၊ ကော်ကပ်ခြင်း၊ ကော်စွဲကပ်မှုမြဲစေရန်ဖိခြင်း၊ ဘေးညှိအချောသတ်ခြင်းများကို စက်ကိရိယာများဖြင့် အင်္ဂလန်နိုင်ငံ နည်းပညာအတိုင်းဆောင်ရွက်နေကြောင်း၊ တန်ဖိုးမြှင့်ပရိဘောဂများထုတ်လုပ်၍ ပြည်တွင်းနှင့် အမေရိကန်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့် ဥရောပနိုင်ငံများ အပါအဝင် နိုင်ငံတကာဈေးကွက်များသို့ ဖြန့်ချိရောင်းချနိုင်ရန် ရည်မှန်းဆောင်ရွက်နေမှုများ၊ ဝါးကုန်ကြမ်းရရှိမှု အခက်အခဲများကို စက်ရုံတာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးများက ဝါးစိုက်ခင်းများ တိုးချဲ့၍ ကုန်ကြမ်းရရှိစေရန်အတွက် စိုက်ပျိုးသူများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ပြီး သက်တမ်းသုံးနှစ်ရှိပါက ထုတ်လုပ်နိုင်မည့် ဝါးများ အထူးစိုက်ပျိုးခွင့်ကို သစ်တောဦးစီးဌာနနှင့် ဝါးစိုက်ပျိုးရေးအဖွဲ့များဖြင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## အောင်ဆန်းဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ သထုံမြို့၌ ကျင်းပ

**သထုံ အောက်တိုဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ယခုနှစ်အတွက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နှင့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခဲ့သည့် ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက်က သထုံမြို့ နန္ဒဝန်ကျောင်းတိုက်၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

ဂုဏ်ပြုပူဇော်ပွဲတွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို သံဃာတော်တစ်ပါးက ဖတ်ကြားပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဆရာတော်အား ဘွဲ့တံဆိပ်တော်များကို ထပ်ဆင့်ဆက်ကပ်ပူဇော်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အကျိုးတော်ဆောင်များနှင့် ဒါယကာ ဒါယိကာမများက ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော်သည် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ပဓာနနာယကဖြစ်ပြီး သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့၍ နိုင်ငံတော်က ၁၉၉၉ ခုနှစ်တွင် မဟာကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်၊ ၂၀၀၉ ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံ နာရက်ဆွန်တက္ကသိုလ်မှ Ph.D (Social Science) ဘွဲ့နှင့် ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်း ရာဇဝိဇ္ဇာလယတက္ကသိုလ်မှ Ph.D(Vipassana Bhavana)ဘွဲ့တို့ကို ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပန်းတနော် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို အောက်တိုဘာ ၃၀ ရက်က ဆောင်ရွက်သည်။

မြို့နယ်ဦးစီးဌာနမှူး ဦးမောင်မောင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုတွင် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး မီးဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်ဈေးသူ ဈေးသားများက ကြည့်ရှုခဲ့သည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”

“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၃၀**
ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေပြည်တော်ဝင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခေတုမာလာပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ်(ကိုရင်လေး) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိမိုးကောင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကျောင်းတော်ရာရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဂန္ဓဝိပဿနာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မင်္ဂလာဒုံ အောက်တိုဘာ ၃၀**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မင်္ဂလာဒုံမြို့နယ် ပညာရေးမှူး ဒေါ်သန္တာဝင်း၊ ဒုတိယပညာရေးမှူးများဖြစ်သည့် ဦးသန်းအေးနှင့် ဒေါ်သီရိရဲမြင့်တို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန္တာဝင်းက နိုင်ငံသားတိုင်း အနည်းဆုံး G-9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဆရာများအချင်းချင်း တတ်သိနားလည်ထားကြသည့် အသိပညာ၊ အတတ်ပညာများကို ဖလှယ်ကြခြင်းဖြင့် စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခု ဆွေးနွေးပို့ချပေးမည့် အကြောင်းအရာများကို အလေးအနက်ထား လိုက်နာကြရန်လိုကြောင်းနှင့် အရည်အချင်းပြည့်ဝသည့် ကျောင်းအုပ်ကြီးများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ မူလတန်းကျောင်းအုပ်ကြီးများ စုစုပေါင်း ၅၂ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်း ကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မူဆယ်မြို့နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းဆိုင်ရာ လုပ်ငန်းစဉ်များ ကြေညာ

**မူဆယ် အောက်တိုဘာ ၃၀**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ အောက်တိုဘာ ၃၀ ရက်က "မိဘပြည်သူများသို့အသိပေးထုတ်ပြန်ချက်" ပါ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)စာရင်းနှင့် ပတ်သက်၍ လဝကရုံးသို့ ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်e-ID Biographic Registratior Software စာရင်းရေးသွင်းဆောင်ရွက်ထားရှိမှု လုပ်ငန်းစဉ်များကို လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသံချဲ့စက်ဖြင့် အသိပေးကြေညာခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ အသိပေးကြော်ငြာခြင်းနှင့် ပြည်သူများအား လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၃၀ ရက်က မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ကန့်ကော်မီးပွိုင့်လမ်းဆုံ၊ ကောင်းမုတုံရပ်ကွက် မူဆယ်-နမ့်ခမ်းပြည်ထောင်စုလမ်းမကြီးဘေး မြန်မာ-တရုတ်နယ်စပ် ရွှေနန်းတော်စစ်ဆေးရေးဂိတ်ပေါက်ရှေ့၊ ဟိုနားရပ်ကွက်၊ Royal Muse စက်သုံးဆီရောင်းဝယ်ရေးဆိုင်ရှေ့၊ မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးရှေ့၊ ဟိုမွန်ရပ်ကွက် မူဆယ် - လားရှိုးပြည်ထောင်စုလမ်းမကြီးဘေးနှင့် မူဆယ်မြို့အဝင် အိုရီယမ်တယ် ဟိုက်ဝေးတိုးဂိတ်နေရာများတွင် တာဝန်ရှိသူများက အုပ်စုခွဲ၍ အသံချဲ့စက်ဖြင့် အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါပြည်သူများအား အသံချဲ့စက်ဖြင့် ကြေညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းအစီအစဉ်ကို မူဆယ်ခရိုင်/မြို့နယ်အဆင့်ရှိ လဝကဝန်ထမ်းများ၊ မူဆယ်မြို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးကွန်ရက်၊ ကမ်းလက်ကူညီ ပရဟိတအသင်းဥက္ကဋ္ဌနှင့် အသင်းသူအသင်းသားများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## မတူပီမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် တတိယအကြိမ်ရောင်းချပေးလျက်ရှိ

**မတူပီ အောက်တိုဘာ ၃၀**
ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်(မတူပီတပ်နယ်)မှ အသား၊ ကြက်ဥနှင့် နွားနို့များကိုလည်းကောင်း ဒေသပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းလျှော့၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းကို ယမန်နေ့က မတူပီမြို့ စန်ဘောင်ရပ်ကွက် စန်တောင်လမ်းဆုံတွင် တတိယအကြိမ် အခြေခံစားသောက်ကုန်များကို ရောင်းချပေးသည်။ **(အောက်ပုံ)**

ထိုသို့ ရောင်းချရာတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံတပ်နှင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ/ဖြူ၊ အာလူး၊ ကုလားပဲ၊ အမဲသား၊ ဝက်သား၊ ယမ်ယမ်၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက်၊ နွားနို့၊ နို့ဆီ၊ တီးမစ် စသည့်အခြေခံစားသောက်ကုန်များ ရောင်းချပေးခဲ့ရာ ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝယ်ယူအားပေးကြသည်။

ထို့အပြင် နှာခေါင်းစည်း အသုံးမပြုသူ ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းစည်းများ ဝေငှခြင်းတို့ ဆောင်ရွက်ပေးသည်။ အဆိုပါ ဈေးရောင်းချရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စစ်ဗျူဟာ (အခြေချ)မတူပီ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ရဲကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မင်းဆုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်တို့က ကြည့်ရှုအားပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃၀**
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေ၀တီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၂၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမရပူရခရိုင်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မိသားစုက စက်ဘီးများလှူဒါန်း



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင်အတွင်းမှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မိသားစုက စက်ဘီးများ လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကိုက ပညာသင်ကြားရာတွင် တန်ဖိုးရှိသည့်အချိန်များ မဆုံးရှုံးအောင် သွားလာရေးခက်ခဲ၍ အမှန်တကယ် လိုအပ်နေသည့် ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်ကာ တစ်မြို့နယ် လျှင် စက်ဘီး အစီး ၁၀၀ နှုန်းဖြင့် ၂၈ မြို့နယ်အတွက် စုစုပေါင်း အစီးရေ ၂၈၀၀ ကို ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ပညာ၏တန်ဖိုးကို သဘောပေါက်ပြီး သင်ယူမှု ပတ်ဝန်းကျင်ကောင်း ဖြစ်ရန် လိုအပ်သည့် နည်းလမ်းများကို သက်ဆိုင်သူအားလုံးက ပေါင်းစပ်မြှင့်တင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၅၆ ဦးကို ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများကို လည်းကောင်း၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းဝတ်စုံများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် စက်ဘီး အစီး ၁၀၀ ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၂၂ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံး အားကစားလောက အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယနေ့တွင် ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။



အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီတွင် ကျန်ရှိသည့် ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်းနှင့် ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို **အခမဲ့** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**






## MNL ပြိုင်ပွဲတွင် မြဝတီအသင်း နောက်မှလိုက်ကစားပြီး အနိုင်သုံးမှတ်ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့အဖြစ် မြဝတီအသင်းနှင့် ရှောဝတီအသင်းတို့ အောက်တိုဘာ ၃၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။

ယခုပွဲမှာ အဆင့် ၄ နေရာအတွက် အရေးပါသည့်ပွဲဖြစ်ပြီး ရှောဝတီအသင်းအနေဖြင့် နိုင်ပွဲမယူနိုင်ဘဲ အရှုံးပေးခဲ့ရသဖြင့် မြဝတီအသင်းကို အဆင့် ၄ နေရာ လွှဲပြောင်းပေးခဲ့ရသည်။

ရှောဝတီအသင်းသည် မြဝတီအသင်းကို နှစ်ကျော့စလုံး အရှုံးပေးခဲ့ရခြင်းဖြစ်ပြီး မြဝတီအသင်းမှာမူ နောက်မှလိုက်ကစားကာ အနိုင်သုံးမှတ် ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမား အများစုဖြင့် ပွဲထွက်ခဲ့သလို အဆင့် ၄ နေရာအတွက် အရေးပါသည့် ပွဲဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၉ မိနစ်တွင် ရှောဝတီအသင်း ဂိုးစတင်ရရှိခဲ့ပြီး ကွင်းလယ်မှ ကန်တင်ပေးသောဘောလုံးကို ညီညီအောင်က မြဝတီဂိုးသမားကို ကျော်ကာ သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် မြဝတီအသင်း ချေပဂိုးရရန် အားထည့်လာပြီး မိနစ် ၃၀ တွင် သက်ပိုင်ကိုက ခေါင်းတိုက်ပြီး ဂိုးပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့ပြီး ၇၄ မိနစ်တွင် အောင်သူက ပယ်နယ်တီ ဧရိယာစည်းထိပ်မှ ကန်သွင်းယူခဲ့သဖြင့် မြဝတီအသင်း အနိုင်ဂိုး ရရှိခဲ့သည်။ ရှောဝတီအသင်းအနေဖြင့် ချေပဂိုး ပြန်လည်ရရှိရန် ကြိုးပမ်းသော်လည်း ရှုံးပွဲနှင့် ပြန်လည်ရင်ဆိုင်ခဲ့ရသည်။


ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၆ ပွဲကစား ရမှတ် ၂၇ မှတ်၊ ရှောဝတီအသင်းက ၁၆ ပွဲကစား ရမှတ် ၂၆ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၈) တတိယနေ့ကို အောက်တိုဘာ ၃၁ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## နော်တင်ဟမ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို အာဆင်နယ်တို့ ဆက်လက်ဦးဆောင်

အမှတ်ပေးဇယား ဦးဆောင်သူ အာဆင်နယ်အသင်းနှင့် တန်းဆင်းဇုန်အတွင်းမှ နော်တင်ဟမ်ဖော်ရက်အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက ငါးဂိုးပြတ် နိုင်ပွဲရရှိပြီး ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပြီးခဲ့သည့်ပွဲစဉ်တွင် နာမည်ကြီး လီဗာပူးအသင်းကို အနိုင်ယူခဲ့သည့် နော်တင်ဟမ်အသင်း သည် ယခုပွဲစဉ်တွင် သာမန်ခြေစွမ်းအောက် ရောက်နေပြီး အာဆင်နယ် အသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစား ခဲ့ရသည်။အာဆင်နယ် အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ငါးမိနစ်တွင် ရရှိခဲ့၍ မာတင်နယ်လီက သွင်းယူပေးနိုင် ခဲ့သည်။ ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၄၉ မိနစ်နှင့် ၅၂ မိနစ်တွင် နယ်ဆင်က သွင်းယူ ပေးခဲ့သည်။ အသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ပါတေးက သွင်းယူပေးနိုင်ခဲ့သည်။



သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသော်လည်း နော်တင်ဟမ်အသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ အာဆင်နယ်အသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ အာဆင်နယ် အသင်းအတွက် ပဉ္စမဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် ရရှိခဲ့ပြီး အိုဒီဂတ်က အဆုံးသတ်သွင်းယူခဲ့ သည်။

အခြားပွဲစဉ် လီဗာပူးနှင့် လိဒ်စ်အသင်းတို့ပွဲတွင် လိဒ်စ်အသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့သည်။ မန်ယူနှင့် ဝက်စ်ဟမ်းပွဲတွင် မန်ယူက တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်)

၁။ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၄)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီအစုပ် (၃၇၇၈၇၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၃၇၇၈.၇၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၂၆၄၅.၀၉၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၉၅.၆၅၀) ကို ပြန်လည် ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၃) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၆) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၉) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၂) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၀) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၁၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၉၅.၆၅၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၃) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၄၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၄၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေ စုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၁၁-၂၀၂၂) ရက်နေ့(အင်္ဂါနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၅အိပ်ချ်၊မြေကွက်အမှတ်-၃၁၅၊ဧရိယာ(၀.၀၁၈)ဧက၊မြေကွက်တည်နေရာအမှတ်-၇/၉၊ဗိုလ်စိန်မှန်ရပ်ကွက်၊ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ်၊ဦးတင်ကျော်(၁၂/ဗဟန(နိုင်)၀၄၀၂၃၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(ခင်ပွန်း)ဦးတင်ကျော်သည်၂၃-၇-၂၀၂၁ရက်နေ့တွင်ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်နန်းခင်မာလွင်(၁၂/ဗဟန(နိုင်)၀၄၄၂၈၉)မှအမွေဆက်ခံပိုင်ဆိုင်လာရပါကြောင်း၊အခြားအမွေဆက်ခံနိုင်မည့်သူများလုံးဝမရှိပါကြောင်း၁၄-၇-၂၀၂၂ရက်ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်လှိုင်ဌေး ၅/ယမပ(နိုင်)၀၈၃၅၂၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၃၃၇၄၂၄

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်မောင်မောင် ၅/ပလန(နိုင်)၁၂၄၆၈၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၁၄၀၁၉၇

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဇော်အောင် ၅/ယမပ(နိုင်)၁၃၆၇၀၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၁၄၀၁၉၇

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ညိုဌေး ၅/ဟမလ(နိုင်)၀၃၀၅၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၆၂၂၂၅

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန့်ဇင်အောင် ၅/ဆလက(နိုင်)၁၄၃၁၄၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၄၀၆၃၈၅

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်ငြိမ်းထက် ၅/အရတ(နိုင်)၁၇၃၉၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၂၄၅၈၆၉

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အိမ်အမှတ်(၆) ဟုခေါ်တွင်သည့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ မြေကွက်အမှတ်(၂၀၅)၊မြေကွက်အကျယ် အဝန်း အလျား ၂၀ပေX အနံ ၄၀ပေ၊ မြေဧရိယာ (၈၀၀) စတုရန်းပေရှိ နှစ် (၆၀)မြေငှားဂရန်၊ ဦးတင်ဝင်း(CE-၀၈၄၄၁၁) (ဘ)ဦးပါလေး အမည်ပေါက် မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်သစ်အိမ် အဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာဗုဒ္ဓဘာသာဝေလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်နှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုမြွက်ဟဝန်ခံကြသူ သား/သမီးများဖြစ်ကြသော ဦးမောင်မောင်ကို ၇/ပခန(နိုင်)၀၇၂၂၅၄၊ ဒေါ်ချိုချို ဝင်း ၁၂/ဗဟန(နိုင်)၀၅၁၁၈၉ နှင့် ကျန်အမွေဆက်ခံ ပိုင်ခွင့်ရှိသူများထံမှ ဦးဌေးဝင်း ၁၄/မအန(နိုင်)၀၁၂၀၁၆ နှင့် ဒေါ်ပြုံးပြုံး ၁၄/မအန(နိုင်)၁၀၉၃၇၀ဇနီးမောင်နှံတို့က ကာလတန်ဖိုးငွေဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဂရန်မြေကွက်နှင့် အိမ်ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ (ပိုင်ရေးဆိုင်ခွင့်ရှိသူ) မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်တော်ကျွန်မတို့ထံ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဌေးဝင်း B.Ag,H.G.P - ဒေါ်ပြုံးပြုံး
အမှတ် (၁)၊ အင်းဝလမ်း၊ အမှတ်(၃)ရပ်ကွက်
မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊
ဖုန်း-၀၉-၉၆၃၄၂၄၇၂၁၊ ၀၉-၂၅၀၀၈၂၂၈၉


## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ
## (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ၊
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ၊
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန


### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေယံဖြိုး ၅/ယမပ(နိုင်)၁၂၃၉၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၅၁၄၈၇၃၉

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၅၀၇၀၆, Honda Ckick 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဖြူ ၆/လလန(နိုင်) ၁၂၁၀၁၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး၊(ထားဝယ်)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/37415 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၉/တကန(နိုင်)၁၄၂၄၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရမည်းသင်း)

### စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၁-ဂ)၊ ကျီးဂရက်ကွင်း၊ ဦးပိုင်အမှတ်(၆၄/၁၁)၊ ဧရိယာ (၀ဒသမ၇၀)ကေရှိ အဆောက်အအုံမြေအား ဦးအောင်ကျော်ဆွေ (ဘ)ဦးကျန့်ရှောင် ၁၄/ဟသတ(နိုင်) ၀၄၄၄၄၅ အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးအောင်ကျော်ဆွေ
၁၄/ဟသတ(နိုင်) ၀၄၄၄၄၅
အနောက်လမ်းမတော်၊
အမှတ်(၅)ရပ်ကွက်၊ အသုတ်မြို့

### စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ကွင်းအမှတ်(၄၆၁-ဂ)၊ ကျီးဂရက်ကွင်း၊ ဦးပိုင်အမှတ်(၆၄/၇)၊ ဧရိယာ (၀ဒသမ၆၆)ကေရှိ အဆောက်အအုံမြေအား ဒေါ်သန်းသန်းဦး(ဘ)ဦးထန်ဟုတ် ၁၄/ရကန(နိုင်) ၀၈၃၉၄၆အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်သန်းသန်းဦး
၁၄/ရကန(နိုင်) ၀၈၃၉၄၆
အနောက်လမ်းမတော်၊
အမှတ်(၅)ရပ်ကွက်၊ အသုတ်မြို့

### စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ ကွင်းကြီးသခွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၆၇)၊ ကြာအင်းကွင်း၊ ဦးပိုင်အမှတ်(၄၆/၃)၊ ဧရိယာ (၀ဒသမ၉၈)ကေရှိ အဆောက်အအုံမြေအား ဒေါ်သန်းသန်းဦး(ဘ) ဦးထန်ဟုတ် ၁၄/ရကန(နိုင်) ၀၈၃၉၄၆ အမည်ဖြင့် စက်မှု/စီး ပွား မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်သန်းသန်းဦး
၁၄/ရကန(နိုင်) ၀၈၃၉၄၆
အနောက်လမ်းမတော်၊
အမှတ်(၅)ရပ်ကွက်၊ အသုတ်မြို့


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးဆိုင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အသက်(၁၀၁)နှစ်

နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ဆုံးမသြဝါဒပေးခဲ့ပါသော ဘဘ ဦးစိုးဆိုင်သည် ၂၈-၁၀-၂၀၂၂ရက် ညနေတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ အစ်ကို၊ အစ်မတို့နှင့် ထပ်တူ ဝမ်းနည်းရပါသည်။

ဦးတင်မောင်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
ပင်စင်ဦးစီးဌာနနှင့် အကြံပေးပုဂ္ဂိုလ်၊ ဘဏ္ဍာအခွန်ဝန်ကြီးဌာန
ပါမောက္ခ ဒေါက်တာ မျိုးသက်တင်
ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(မန္တလေး)

## ဦးမင်းနိုင်(ဖြူးမြို့)
### အသက်(၆၇)နှစ်

ဖြူးမြို့နေ (ဦးခင်စော-ဒေါ်ခင်သန်းရီ)တို့၏ သားငယ်၊ (ဦးသူရစော)၊ (ဦးဇေယျစော)တို့၏ညီ၊ ဒေါ်ဥမ္မာစော၏မောင်သည် ၂၈-၁၀-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(က၀)ကျောင်း၊ Grade-8မှ မငွေကြယ်စင်မိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း ၇/ကဝန(နိုင်)၁၂၁၀၈၂ဖြစ်ပါကြောင်း။ ဦးအောင်တင်ဝင်း

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နေ ဦးရွှေမောင်၏သား အလကသာယာကုန်း G-9 မှ မောင်မြင့်မြတ်လရိပ်ချို့အား မောင်မြတ်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်မင်းခန့်**

## ရောင်းမည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်းတွင် ဓာတ်လှေကားပါ Mini Condo အခန်းများ ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန်ဖုန်း-**
၀၉-၄၅၅၅၄၅၇၇၀၊ ၀၉-၇၈၄၆၇၅၉၃၀

## ရောင်းမည်

ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်းတွင် ပေ၂၀xပေ၄၀ မြေညီထပ် အခန်းရောင်းမည်။ **ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၅၅၅၄၅၇၇၀၊ ၀၉-၇၈၄၆၇၅၉၃၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသဲမာ (ဘ)ဦးဘိုးသွယ် ၉/ပဗသ(နိုင်)၀၀၃၂၉၆ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၃၅၃၈၀၄၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်70W/47212 TVS DA ZZ110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၁၄/ဟသတ(နိုင်)၀၂၃၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာဝင်း၊ သန္တာလမ်း၊ အမှတ်(၁၂၃-A)နေ ဦးမျိုးအောင် ၁၂/ကမတ(နိုင်) ၀၄၁၂၅၇၊ ဒေါ်ခင်မိုးလှိုင် ၉/မလန(နိုင်) ၀၀၀၄၃၆တို့၏သားဖြစ်သူ မောင်ဘုန်းရှိန်မြင့် ၁၂/ကမတ(နိုင်) ၀၈၄၃၄၅သည် မိဘများ၏ ဆုံးမမှုများကို မနာခံဘဲ မိဘများကို စိတ်ဆင်းရဲစေပြီး မိမိသဘောဆန္ဒအတိုင်း ပြုမူနေထိုင်နေပါသဖြင့် သွာနုတ္တသားအဖြစ်သတ်မှတ်ပြီး ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးမျိုးအောင်၊ မိခင်-ဒေါ်ခင်မိုးလှိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အမှတ်(၇၃)၊ ခေါင်းရင်းခန်း(၅)လွှာ၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ် ပိုင်ရှင် ဒေါ်စုစုအောင် ၁၂/တမန(နိုင်)၀၉၆၈၃၂ ထံမှ ကျွန်မ ဒေါ်အဘေဒါ ၁၂/သဃက(နိုင်)၁၃၅၉၅၆ သည် အပြီးအပိုင်ဝယ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားသက်သေနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဆွေးနွေးနိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအဝဝကို တရားဥပဒေနှင့်အညီ အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အဘေဒါ**
**၁၂/သဃက(နိုင်)၁၃၅၉၅၆**
**အမှတ်(၂၃)၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၄၀၉၆၅၉၄၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေးဒရဲမြို့၊ အမှတ်၄၄၊ လမ်းမတော်လမ်းနေ ဒေါ်ခင်လေး ၁၂/တတန(နိုင်)၀၁၃၇၁၆၏သား မောင်စည်သူရန်နိုင် ၁၄/ဒဒရ(နိုင်)၂၂၇၁၁၉ သည်မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်လေး**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်လှမြင့်(ခ)အော်ကျီးရှန်း
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း ၂၀၊ အမှတ် ၆၈နေ (ဦးဟူစုန်ချန်-ဒေါ်ကျင်ကီး)တို့၏သမီး၊ (ဦးဟိုက်စီ-ဒေါ်ရှုလွမ်)တို့၏သမီးချွေးမ၊ (ဦးထျုန်စိန်(ခ)ချန်စိန်)၏ဇနီး၊ (ဦးတင်လှ)-ချန်ငုတ်ရိန်၊ (ဦးကျင်ဆိုင်)၊ (ဦးသန်းညွန့်)-ဒေါ်စန်းရီတို့၏ညီမ၊ (ဦးအေးချို)-ဒေါ်သိန်းသိန်းဝင်း(USA)၊ ဦးလှမော်-ဒေါ်သန်းသန်းအေး၊ (ဒေါ်စန်းစန်းအေး)၊(ဦးပြုံးချို)တို့၏အစ်မ၊ မချန်ပိုးအိန်း၊ (မောင်ချန်ပိုးဗှါ)၊ မောင်ချန်ကာစိန်-မဇင်မာလှိုင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်သက်ခိုင်ဦး၏အဘွား ဒေါ်လှမြင့်(ခ)အော်ကျီးရှန်းသည် ၂၉-၁၀-၂၀၂၂ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၂၂ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းညွန့်
အသက် (၇၄)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်သာရပ်ကွက်၊ ၂၃ လမ်း၊ အမှတ်(၃၂)နေ ဒေါ်မြအေး၏ ခင်ပွန်း၊ ဦးစိုးမြင့်နောင် (ဒုတိယညွှန်ကြားရေးမှူး၊ e-Government ဌာန)+ဒေါ်မေဇင်ထိန်ဝင်း တို့၏ ဖခင်ကြီးသည် ၃၀-၁၀-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် (၄:၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

e-Government ဌာနမှ ဝန်ထမ်းများ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ရွှေနဂါးကိုယ်ပိုင်အထက်တန်းကျောင်း Grade-9မှမကေသွယ်ဇင်နှင့် Grade-4မှ မောင်မြင့်မြတ်မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆက် ၁၀/ကထန(နိုင်) ၀၆၅၁၆၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အမှတ်(၁) အထက(ခွဲ) Grade-9မှ မသက်ထားဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဦး ၇/ပခတ(နိုင်) ၁၀၃၉၁၅ ဖြစ်ပါကြောင်း။
**ဦးအောင်ဇော်ဦး**

## အမည်ပြောင်း

ဦးအောင်အောင် ၁၄/ပသန(နိုင်) ၁၉၆၀၁၇ ၏ သမီးဖြစ်သူ ပုသိမ်မြို့၊ အထက(ခွဲ) လ(၄)ကျောင်း၊ Grade-1မှ မကြယ်စင်ရှင်းသန့်အား မပန်းမုဒြာဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မပန်းမုဒြာ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅-ဂ)၊ အကွက်အမှတ်(ဈေးတန်း)၊ ဦးပိုင်အမှတ်(၄/ဠ)၊ ဧရိယာ(၀.၁၁၁၁၈)ဧကရှိ အရှေ့-ဦးပိုင်(၄/ဃ)၊ အနောက်-ဦးပိုင်(၃/က)၊ တောင်-ဦးပိုင်(၄/ဃ)၊ မြောက်-ဗိုလ်မှူးဖိုးကွန်းလမ်း အလားလေးရပ်အတွင်းရှိ ဦးမြင့်သိန်း အမည်ပေါက် ဘိုးဘွားပိုင်ခြံမြေကွက်အား ဒေါ်မာလာမြင့်၏အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၈ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တောင်ငူမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ နိဗ္ဗာန်လမ်းသွယ်၊ မြေကွက်အမှတ်(၃၃-ရွှေဟင်္သာ)၊ အကွက်အမှတ်(၂၁/၃၆၉)၊ ဧရိယာ(၀.၁၁၁၀၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်ကို ဦးကျော်မင်းနိုင် ၊ ဒေါ်သီသီထွေးတို့မှ အမည်ပေါက်သူများဖြစ်ပြီး အမည်ပေါက်သူ ဦးကျော်မင်းနိုင် ၆/ကသန (နိုင်) ၀၄၀၀၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံတရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွမ်းအောင်ထွေး**
**အထက်တန်းရှေ့နေ(စဉ်-၅၀၂၆၈)**
**အမှတ်(၂၈၈)၊ အောင်ရတနာလမ်း၊ ပုလုံးတုံတုံးကျေးရွာ၊ ကော့သောင်းမြို့၊**
**ဖုန်း-၀၉-၂၅၉၉၇၇၀၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄)၊ ဘယသိဒ္ဓိလမ်း၊ မြေကွက်အ မှတ်(၂၇၄)ဟုခေါ်တွင်သော မြေအလျား(၄၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ မြေချပါမစ်တွင် ဦးဘငြိမ်း ၁၂/လမန(နိုင်) ၀၆၀၄၀၉ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းဟွမ်တစ် ၁၃/တကန(နိုင်) ၁၂၈၁၅၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မီမီချို ၁၂/ဥကတ(နိုင်) ၁၂၅၀၇၄မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီချို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၉၈)** |
| **(၁၃-၉-၂၀၁၂)** | **(၁၂-၁၀-၂၀၁၇)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၇၂၃၀၉၈၉၂**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တဝါသဝ
### သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိတ္ထီလာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါသဝသည် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်) ၂၉-၁၀-၂၀၂၂ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား(၁၃၈၄ ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၈ရက်) ၃၁-၁၀-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်ပြီး မွန်းလွဲ ၂ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့် သံဃာတော်များနှင့် စျာပနကျင်းပရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သီပေါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၈၆၄)၊ (၄၀x၆၀)ပေအကျယ်အဝန်းရှိ ဦးသန်းထွန်း(TGN-၀၈၇၆၇၇)အမည်ပေါက်သော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သည့် ဦးရဲလင်းဦး ၁၂/မဂဒ(နိုင်) ၀၉၉၅၉၂နှင့် ဒေါ်ယဉ်ယဉ်မိုး ၁၂/အစန(နိုင်) ၀၆၇၉၂၄တို့(၂)ဦးမှ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ် ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေးငွေးဝင်း(LL.B,D.I.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၃)လမ်း၊ အမှတ်(၅၀၉/က+ခ)ဟုခေါ် တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်အနက်မှ (၁၇x၅၄)ပေအကျယ်အဝန်းရှိ စတုတ္ထထပ်(၅-လွှာ/ဘီ)( ဘယ်ဖက်ခြမ်း)တိုက်ခန်းနှင့် တိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသီဟစိုး ၈/ရနခ(နိုင်) ၀၈၉၄၃၈နှင့်ဒေါ်အိအိသိမ့် ၁၃/လလန(နိုင်) ၀၉၄၀၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆီးမွန်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်မောင်** | **ဒေါ်အိဇာနည်ဇော်** | **ဒေါ်အိဖြိုးပိုင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၆၄၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၃)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နေ မင်းအောင်ကျော် ၃/ဘအန(နိုင်) ၄၄၁၀၀၄သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘနှစ်ပါးစိတ်ဆင်းရဲစေသည့် လုပ်ရပ်များ အကြိမ်ကြိမ်ပြုမူလျက်ရှိပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မင်းဇော်မင်းဦး ၃/ကကရ(နိုင်)၀၆၅၄၇၂၊ နန်းညွန့်ညွန့်လွင် ၃/လဘန(နိုင်)၀၃၂၀၀၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 32W/47143 Honda Dream 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဝင်း ၁၄/မအန(နိုင်)၁၄၀၈၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/4337 Dayang 150 THREE WHEEL (u) ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြိုင် ၇/ပမန(နိုင်)၁၉၄၆၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပဲခူးမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ်၊ တရားမကြီးအမှုအမှတ်-၈၀

| | | |
|---|---|---|
| ဒေါ်ခင်ဝင်း | **နှင့်** | ဦးကြည်ခိုင် |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဇင်းရပ်ကွက်၊ မဟာစေတီတိုက်ခန်း၊ အမှတ်(ဏ-၄)၊ (ဏ-၅)နေ ဦးကြည်ခိုင် (ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ဝင်းက ငွေကျပ်သိန်း (၅၀)(သိန်းငါးဆယ်တိတိ) နှင့် နစ်နာကြေးငွေကျပ်(၁၀)သိန်း (တစ်ဆယ့်သိန်းတိတိ)၊ စုစုပေါင်းငွေကျပ်သိန်း(၆၀) (သိန်းခြောက်ဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက် (၁၃၈၄ခုနှစ် တန်ဆောင်းမုန်း လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွက်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် အောက်တိုဘာလ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စောအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပဲခူးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/61369 ယာဉ်လက်ဝယ်ရှိသူ ဦးစော်ကဲ ၉/တကန(နိုင်) ၂၃၄၆၂၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၅၁)၊ သပြေကွင်း၊ ဦးပိုင်အမှတ်(၇-ဃ)၊ ဧရိယာ (၀.၁၁၁၁၇)ဧကရှိ မြို့မြေအား ဦးနေလင်းအောင်(ဘ)ဦးအောင်ရွှေ ၁၄/ရကန(နိုင်) ၁၁၂၇၂၀အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးနေလင်းအောင်**
**၁၄/ရကန(နိုင်) ၁၁၂၇၂၀**
**သစ်ဆိမ့်ကုန်းလမ်း၊**
**အမှတ်(၁)ရပ်ကွက်၊ အသုတ်မြို့**

## မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၅၁)၊ သပြေကွင်း၊ ဦးပိုင်အမှတ်(၇-ခ)၊ ဧရိယာ (၀.၁၁၁၀၈)ဧကရှိ မြို့မြေအား ဒေါ်ကြော့ကြော့ထွေး(ဘ)ဦးအုန်းသန်း ၁၄/ရကန(နိုင်)၀၈၆၅၉၃ အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ကြော့ကြော့ထွေး**
**၁၄/ရကန(နိုင်) ၀၈၆၅၉၃**
**သစ်ဆိမ့်ကုန်းလမ်း၊**
**အမှတ်(၁)ရပ်ကွက်၊ အသုတ်မြို့**

**စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး ဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလို ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံး အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့် လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မည့်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကုလသမဂ္ဂ၏ဘက်မလိုက်သော ပညာရှင်ပီသသော ဝိသေသလက္ခဏာများ ပျက်စီးနေသည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက ပယ်ချ

(၇၇)ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်း စာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုကော်မတီ)၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Noeleen Heyzer နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Thomas Andrews တို့၏ အစီရင်ခံစာများအပေါ် အပြန်အလှန်ဆွေးနွေးမှုများကို ၂၅-၁၀-၂၀၂၂ ရက်နှင့် ၂၆-၁၀- ၂၀၂၂ ရက်တို့တွင် အသီးသီး ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Noeleen Heyzer ၏ အစီရင်ခံစာပါ အကြောင်းအရာတစ်ခုလုံးနီးပါးသည် ကုလသမဂ္ဂအမည်ခံ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကိစ္စအတွက် လုပ်ပိုင်ခွင့် ပေးအပ်ထားသည်ဆိုသည့်သူများ၏ သိမ်းကြုံးစွပ်စွဲ ပြောကြားချက်များကို တိုက်ရိုက်ပြန်လည်ဖော်ပြထားခြင်းသာဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Thomas Andrews ၏ အစီရင်ခံစာတွင်လည်း အပြုသဘောဆောင်သော ဖော်ပြချက် တစ်ခုတစ်လေမျှ မပါဝင်ဘဲ အပျက်သဘော ဆောင်သည်များကိုသာ ချဲ့ကားဖော်ပြထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်သည့် ဆုံးဖြတ်ချက်အဆိုများကို အစဉ်တစိုက် ဆန့်ကျင်ခဲ့ပြီး ယင်းရည်ရွယ်ချက်ဖြင့် ခန့်အပ်၍ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကိုလည်း မည်သည့်အခါကမှ လက်ခံခဲ့ခြင်းမရှိပါ။ Thomas Andrews အား မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူအဖြစ် ခန့်အပ်မှုအပေါ်တွင်လည်း အသိအမှတ်ပြုခြင်းမရှိသကဲ့သို့ ပြည်ဝင်ခွင့်လည်းမပြုခဲ့ပါ။

*စာမျက်နှာ ၂ ကော်လံ ၃ ◯*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယနေ့ ဖတ်စရာ**

**ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက် လျက်ရှိသော Inya Urban Force-IUF အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံများ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ - ၁၀

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ် ဆန်တန်ချိန် ၂၆၅၀ တိုက်ရိုက်တင်ပို့

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာ့ဆန်များ ပြည်ပသို့ တင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိစေပြီး တောင်သူနှင့် ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးအခွင့်အလမ်း တိုးတက်စေရန် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ G to G သဘောတူစာချုပ်အရ ဆန်တန်ချိန် နှစ်သိန်းတင်ပို့သွားမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းမှ ပထမဆုံးအကြိမ်

*စာမျက်နှာ ၁၈ ကော်လံ ၁ ✻*



ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့်ဆန်များအား ပုသိမ်မြို့ ဆိပ်ကမ်း၌ သင်္ဘောပေါ်သို့ တင်ဆောင်နေစဉ်။